ရောင်းမှ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ဒုက္ခခပ်သိမ်းလွတ်မြောက်

ဤရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ဘေးမရှိသော ကိုးကွယ်ဆည်းကပ်ခြင်းမည်၏။ မြတ်သောကိုးကွယ်ဆည်းကပ်ခြင်းမည်၏။ ဤရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ လွတ်မြောက်၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၁၉၂)

၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက် တနလာနေ့၊ 23 , Monday May 2016 (စာ၅၇၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရုရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

သတင်း စာမျက်နှာ - ၃

မြန်မာကို အာရှ၏ဦးစားပေးနိုင်ငံအဖြစ် သတ်မှတ်ခြင်းကြောင့် နှစ်နိုင်ငံဆက်ဆံရေးရလဒ်များ တွေ့မြင်ရ

မစ္စတာဂျွန်ကယ်ရီ

အမေရိကန်နိုင်ငံ၏ ပိတ်ဆို့အရေးယူမှုကို နားလည်၊ မိမိတို့အနေဖြင့် ကြောက်ရွံ့မှုမရှိ

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဖက်နိုင်ငံသာဖြစ်

ဒေါ်အောင်ဆန်းစုကြည်

နေပြည်တော် မေ ၂၂

မြန်မာနိုင်ငံသို့ နေ့ချင်းပြန်ခရီးလာရောက်သည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးရုံးခ်ဋ္ဌေ့ဆုံ၍ မြန်မာနိုင်ငံ၌ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံသို့ အမေရိကန်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်ရေး စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)**

ထို့နောက် နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲကို ကျင်းပရာ မစ္စတာဂျွန်ကယ်ရီက မြန်မာနိုင်ငံသို့ ကူညီထောက်ပံ့ရန်ဆိုသည့် သတင်းစကားဖြင့် မိမိလာခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာအစိုးရသစ်သည် လူမှုရေး၊ စီးပွားရေးဆိုင်ရာ မြောက်မြားလှစွာသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရကြောင်း၊ သို့ရာတွင် အစိုးရသစ်သည် ကြီးမားသော အရာများကို လုပ်ဆောင်နိုင်ခဲ့ပြီး ဤနိုင်ငံမှ ပြည်သူများအားလုံးနှင့်အတူ လက်တွဲကျော်ဖြတ်နေသည်ကို တွေ့ရကြောင်း ပြောကြားခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❐

KBZ BANK
STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘာဇဝါဏ်

ရောင်းမှုံ့

လူငယ့်အရေး

ကလေးများကို နိုင်ငံ၏ အနာဂတ်ရတနာများဟု တင်စားခေါ်ဝေါ်မည်ဆိုလျှင် လူငယ်များကို နိုင်ငံတွန်းအားအတွက် ပစ္စုပ္ပန်ရတနာများဟု ခေါ်ရမည်ထင်၏။

နေပြည်တော်တွင် ၁၈-၁၉ မေ ၂၀၁၆ ရက်များက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှလာသော တိုင်းရင်းသားလူမျိုးပေါင်းစုံလူငယ်များ ပါဝင်သည့် လူငယ်ညီလာခံကျင်းပခဲ့သည်ဟု သိရသည်။

ပညာရေး၊ ကျန်းမာရေးအပါအဝင် အလုပ်အကိုင်အခွင့်အလမ်း၊ ရာဇဝတ်မှု၊ မူးယစ်ဆေးဝါး၊ သဘာဝပတ်ဝန်းကျင်၊ စစ်နှင့် ငြိမ်းချမ်းရေးစသည်ဖြင့် အကြောင်းအရာစုံကို ဆွေးနွေးကြ၊ ဖလှယ်ခဲ့ကြပြီး ဆွေးနွေးပွဲမှတစ်ဆင့် လူငယ်မူဝါဒများဖော်ထုတ်ရန် အကြံပြုသည်တို့ကိုလည်းကြားသိရ၍ ကြိုဆိုရပါသည်။

အခြေခံအားဖြင့် လူငယ်ဆိုသည်မှာ တက်ကြွရဲရင့်တာ၊ အများအကျိုး ဆောင်ရွက်လိုစိတ်ရှိတာ၊ စွန့်လွှတ်ဖို့ ဝန်မလေးတာ၊ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားချင်သည့် စိတ်ဓာတ်အင်အားနှင့် ရင်ဆိုင်ကျော်လွှားနိုင်သော ရုပ်ခွန်အားကြီးတာ၊ ကြံ့ခိုင်ဖြတ်လတ်တာ စသည့် လူငယ့်ဂုဏ်တို့က ပြည့်စုံပြီးသား ဖြစ်ပါ၏။ ယင်းလူငယ်တို့ မှန်မှန်ကန်ကန်ကြီးပြင်းလာဖို့က လူကြီးများမှာ တာဝန်ရှိပါ၏။ လူငယ်တို့ကို အမှန်တကယ် မြင့်မြတ်ကောင်းမွန်စေလိုသောစေတနာ လူကြီးများမှာ ရှိဖို့လိုတာ ဖြစ်ပါသည်။

ယင်းလူငယ်တို့၏ စိတ်စေတနာကောင်းမွန်မှန်ကန်ရေး၊ အရည်အချင်း မြင့်မားထူးချွန်ရေးတို့အတွက် မှန်ကန်သည့် ပညာရေးစနစ်လိုအပ်သလို၊ ပိုမိုကျန်းမာတောင့်တင်းသည့် လူငယ်များဖြစ်စေဖို့ သင့်မြတ်လျော်ကန်သည့် ကျန်းမာရေးစနစ်ရှိရန် လိုအပ်ပါသည်။ အဆိုပါစနစ်ကောင်းမွန်မှန်ကန်မှုသည် လူကြီးများပေါ်တွင် လုံးလုံးလျားလျား တာဝန်ရှိသည် မဟုတ်ပါလော။

ထို့အတူ လူငယ်တို့၏ နိုးကြားတက်ကြွသော တာဝန်ယူမှုနှင့် အားထုတ်ကြိုးပမ်းလိုမှုအလေ့တို့ကို အားပေးလိုသည့် သဘောထားလည်း လူကြီးတို့မှာ ရှိဖို့လိုသည် မဟုတ်ပါလော။

တာဝန်ကို ခွဲဝေပေးရေး၊ အရည်အချင်းအလိုက် တိုးတက်တာဝန်ယူထမ်းဆောင်နိုင်မည့်အခြေအနေနှင့် အခွင့်အရေးပေးရေး စသည့် နေရာပေးတတ်သော ရင့်ကျက်သည့်၊ သဘောထားကြီးသည့် စိတ်ဓာတ်မြင့်မားဖို့လည်း လူကြီးတို့တွင် ရှိရန်လိုပါမည်။

လူငယ်တို့၏ တက်လမ်းများကို ဖွင့်ပေးရန်လိုအပ်သလို၊ ရှေ့မှာနေရာယူပြီး ပိတ်ဆို့မနေမိအောင် သတိပြုရန်လိုပါမည်။

မျိုးဆက်တစ်ခုမှ နောက်မျိုးဆက်များ၏ လက်သို့ တာဝန်လွှဲအပ်ကာ ထိုမှတစ်ဆင့် နောင်လာမည့် လူငယ်များလက်သို့ လက်ဆင့်ကမ်းကြရမည်သာ ဖြစ်ပါသည်။

ဂျပန်နိုင်ငံရှိ အချို့သော ပုဂ္ဂလိက ကုမ္ပဏီကြီးများတွင် 'ရွှေအငြိမ်းစား' ဟူသည့် အမည်တပ်ကာ ထိပ်ပိုင်းတာဝန်ရှိသူများကို အငြိမ်းစားယူသည့် အသက်မပြည့်မီ နစ်နာကြေးများစွာပေးပြီး အငြိမ်းစားယူရန် တိုက်တွန်းအားပေးသည့် အစီအစဉ်များလုပ်လေ့ရှိသည်ဟု သိရသည်။ မျိုးဆက်သစ်များထဲမှ အစွမ်းရှိသည့် လူငယ်ခြေတက်များကို တာဝန်လွှဲပြောင်းလုပ်ကိုင်နိုင်ရန် အခွင့်အရေးပေးသည့်အနေဖြင့် တာဝန်ကြီးကြီးယူထားသည့် လူကြီးများက နေရာဖယ်ပေးသည့် အစီအမံဖြစ်ပါသည်။

ထိုသို့ဖယ်ပေးရသည့် လူကြီးများက အခြားသော လူမှုဝန်ထမ်းနှင့် ပရဟိတလုပ်ငန်းများမှာ ဝင်ရောက်အလုပ်လုပ်ကြသည်။ နိုင်ငံရေးနယ်ပယ်နှင့် အချို့သော အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများမှာသာ အရွယ်ကြီးသည်အထိ တာဝန်ယူလုပ်ကိုင်ကြလေ့ရှိသည်။ ဤကဲ့သို့သော နေရာများတွင်ပင် နောက်မျိုးဆက်သစ်များနှင့် အလုပ်အတူလက်တွဲလုပ်ရင်း မိမိတို့၏ အတွေ့အကြုံများကို မျှဝေလေ့ကျင့်ပေးကာ လူငယ်များကို အရည်အသွေး မြင့်တင်ပေးကြသည်။ သက်ကြီးတို့နှင့် မျိုးဆက်သစ်တို့၏ တာဝန်လွှဲပြောင်းသည့် ယဉ်ကျေးမှု။

ဤသည်ပင် တာဝန်ကြီးကြီးယူထားသူတို့၏ ရင့်ကျက်သော စိတ်ဓာတ်၊ လူငယ်များအပေါ် မှန်ကန်သော သဘောထား၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြူစင်သော စေတနာတို့ကို အခြေခံ၍ ဆောင်ရွက်ကြရမည့် လုပ်ငန်းတစ်ခုဟု ထင်မြင်မိပါကြောင်း။

အေးရှားဝေါလ်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် အပြည်ပြည်ဆိုင်ရာမြန်မာစက်မှုဆိပ်ကမ်းတို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၂

ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၌ ပို့ကုန်/သွင်းကုန် ကုန်သေတ္တာများ ဆိပ်ကမ်းရှင်းလင်းရေးဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုနှင့် အခက်အခဲများရှိသည့်အတွက် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်သည် မေ ၁၈ ရက်တွင် UMFCCI ၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပြီး မေ ၂၀ ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အေးရှားဝေါလ်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် မြန်မာစက်မှုဆိပ်ကမ်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ လှည့်လည်ကြည့်ရှုစဉ် ပို့ကုန်/သွင်းကုန်ဆိပ်ကမ်းရှင်းလင်းရေးကိစ္စရပ်များ ဆောင်ရွက်မှုကို အရေးကြီးကိစ္စအနေဖြင့် လတ်တလောဖြေရှင်းရန်၊ ကာလတို၊ ကာလရှည် စဉ်ဆက်မပြတ်ဖြေရှင်းရန်အတွက် အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သတ်မှတ်ဥပဒေစည်းမျဉ်းလုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီဘဲ ရက် ၆၀ ကျော် ကုန်သေတ္တာများကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုဆိပ်ကမ်းများအတွင်း ပိတ်ဆို့နှောင့်နှေးကြန့်ကြာနေသည့် ကုန်သေတ္တာများအား ဥပဒေဘောင်အတွင်းမှ စီမံချက်ဖြင့် ရှင်းလင်းရေးဆောင်ရွက်ရာ၌ ဆိပ်ကမ်းအတွင်း ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်များက တာဝန်ယူ၍ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ပြင်ပအသင်းအဖွဲ့များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ဆိပ်ကမ်းရှင်းလင်းရေးကိုယ်စားလှယ်များနှင့် ပေါင်းစပ်ညှိနှိုင်းမှုများအတွက် UMFCCI မှ တာဝန်ယူဆောင်ရွက်ရန်၊ ဆိပ်ကမ်းအတွင်း ရုံးလုပ်ငန်းကိစ္စများအား One Stop Service ဖြင့် ဌာနအားလုံးမှ တစ်နေရာတည်းတွင် ပူးပေါင်းဆောင်ရွက်ပေးရန် ညှိနှိုင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

အဆင့်မြင့်ဆေးရုံစီမံခန့်ခွဲမှုသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မေ ၂၂

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မေ ၂၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော အဆင့်မြင့်ဆေးရုံစီမံခန့်ခွဲမှုသင်တန်း(၁/၂၀၁၆) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ယခုတက်ရောက်ခဲ့ကြသော သင်တန်းသည် အရေးကြီးသည့် သင်တန်းတစ်ခုဖြစ်ကြောင်း၊ ယခုသင်တန်းမှ သင်ခန်းစာများကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကိုက်ညီမည့် အကြောင်းအရာများနှင့် ထပ်မံလိုအပ်သည့် သင်ခန်းစာများ၊ မလိုအပ်သော သင်ခန်းစာများ စသည်ဖြင့် ပြန်လည်သုံးသပ်ပေးကြစေလိုကြောင်း၊ မိမိတို့ တာဝန်ယူရာ ဒေသအသီးသီးတွင် အသုံးဝင်မည့် သင်ခန်းစာများနှင့် အသိပညာများကိုလည်း ပြန်လည်၍ မျှဝေသင်တန်းပေးခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ ဆေးရုံတစ်ခုချင်းစီ၏ အောင်မြင်မှုသည် ကျန်းမာရေးဝန်ကြီးဌာန၏ အောင်မြင်မှုပင်ဖြစ်ကြောင်း၊ မိမိတို့ဆေးရုံအသီးသီးရှိ ကုသရေး၊ ကူးစက်ရောဂါထိန်းချုပ်ရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များကို ခေတ်နှင့်လျော်ညီစေရန် အစဉ်အမြဲပြန်လည်သုံးသပ်နေရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းမှရရှိသော အသိပညာများကို လက်တွေ့နယ်ပယ်တွင် မိမိတို့ဒေသအသီးသီးနှင့် လိုက်လျောညီထွေ အကျိုးရှိအောင် အသုံးချစေလိုကြောင်း၊ ဆေးရုံကြီးများတွင် သတင်းအချက်အလက်စုံစမ်းနိုင်သော လူနာလက်ခံခြင်းဝန်ဆောင်မှု၊ ဆေးရုံကြီးများ၏ ဌာနအသီးသီးသို့ လွယ်ကူစွာ သွားရောက်နိုင်သော လမ်းညွှန်ဆိုင်းဘုတ်များ၊ နှစ်သိမ့်ဆွေးနွေးပညာပေး အစီအစဉ်များ ထားရှိဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆေးရုံ၏ ဝန်ဆောင်မှုများကို ပြည်သူလူထုက လွယ်လင့်တကူ ရရှိနိုင်မည့် ဆေးရုံများအဖြစ် ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သင်တန်းတွင် ပထမဆုရရှိသော ဆေးရုံအုပ်ကြီး(အင်းစိန်ပြည်သူ့ဆေးရုံကြီး)၊ ဒုတိယဆုရရှိသော ဆေးရုံအုပ်ကြီး(ဗန်းမော်ပြည်သူ့ဆေးရုံကြီး)နှင့် တတိယဆုရရှိသော ဆေးရုံအုပ်ကြီး(ပုသိမ်ပြည်သူ့ဆေးရုံကြီး)တို့အား ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်က ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင် ဆေးရုံအုပ်ကြီး(ပခုက္ကူပြည်သူ့ဆေးရုံကြီး) ဒေါက်တာဘုန်းမော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆင့်မြင့် ဆေးရုံစီမံခန့်ခွဲမှုသင်တန်း(၁/၂၀၁၆)သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဆေးရုံအုပ်ကြီး ၃၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁၁ ရက်ကြာမြင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရောင်းမှုံ့ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းဆောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အောဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အဝယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်မြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးပုံသတင်းစာတိုက်က ထုတ်ဝေသည်။

ရောင်းမှုံ့ Mirror Established at 1911
၁၉၁၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၅၊ ၀၆၇-၃၆၁၃၀၀၊ ဖက်စ် ၀၆၇-၃၆၁၃၃၀၊
ရန်ကုန်မုံရိပ်ခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၅၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေးရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ဖြူးရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်တွင်းရေးရာ

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၂
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အဖွဲ့ဝင်များနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့၌ ကျင်းပသည့် ရုရှား - အာဆီယံ ဆက်ဆံရေးနှစ် ၂၀ ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် မျိုးဇော်သိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကသူရဦးတင်ဦး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဗာစီလီဘီ ပေါ့စ် ပီလော့ဗ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

(သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

ထို့ပြင် ၎င်းက မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အထူးအားပေးထောက်ခံပါကြောင်း၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ လွတ်တော်ထဲတွင် ပါဝင်နေသည်ကို တွေ့ရှိရပြီး ထို့အတွက်လည်း ဂုဏ်ယူပမ်းမြောက်မိကြောင်း၊ မြန်မာနိုင်ငံကို အမေရိကန်အစိုးရက အာရှ၏ ဦးစားပေးနိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးရလဒ်များကို တွေ့မြင်ရပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၌ အမေရိကန်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်စေရေးနှင့် ပတ်သက်၍ မစ္စတာ ဂျွန်ကယ်ရီက "မြန်မာပြည်ဒီမိုကရေစီရေးနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ကူညီချင်ပါတယ်။ institution အားလုံးကို အားပေးတဲ့အနေနဲ့ တချို့ပိတ်ဆို့အရေးယူမှုတွေကို ဆက်ထားပြီး အစိုးရရဲ့ ပြုပြင်ပြောင်းလဲရေးကို ဆက်လက်ထောက်ပံ့နိုင်ဖို့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကို အားပေးတိုက်တွန်းမှုတွေ လုပ်နေပါတယ်"ဟု ပြောကြားခဲ့သည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအတွင်းရှိ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအပေါ် အရေးယူပိတ်ဆို့မှုကို ဖြေလျှော့လိုက်ကြောင်းပြီးခဲ့သည့် မေ ၁၇ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့သော်လည်း ကျန်ရှိနေသေးသည့် ပိတ်ဆို့အရေးယူမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဒေါ်အောင်ဆန်းစုကြည်က မိမိတို့သည် မှန်ကန်သောလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေကြောင်း၊ အမေရိကန်နိုင်ငံ၏ ပိတ်ဆို့အရေးယူမှုကို နားလည်ကြောင်း၊ ထိုအရာသည် ကြီးမားသည့် ပြဿနာမဟုတ်ကြောင်း၊ ထို့အတွက် မိမိတို့အနေဖြင့် ကြောက်ရွံ့မှုမရှိကြောင်းနှင့် အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဖက်နိုင်ငံသာဖြစ်ကြောင်း သတင်းမီဒီယာများကို ပြောကြားခဲ့သည်။

(သတင်းစဉ်)

ဖြူစင်မေတ္တာ လူမှုကူညီရေးအသင်း သက်ကြီးပူဇော်၊ စာရေးကိရိယာ လှူဒါန်း

ရန်ကုန် မေ ၂၂
ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက်လုံးဆိုင်ရာ ဖြူစင်မေတ္တာ လူမှုကူညီရေးအသင်းက ကြီးမှူးကျင်းပသောကဆုန်လပြည့် (ဗုဒ္ဓနေ့) အလှူတော်အဖြစ် သက်ကြီးပူဇော်ပွဲနှင့် စာရေးကိရိယာများလှူဒါန်းပွဲကို ယမန်နေ့နံနက် ၇ နာရီတွင် (၈)ရပ်ကွက်စက္ကဝတ်လမ်းရှိ အသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရပ်ကွက်နေအသက် (၈၀)နှစ်နှင့်အထက် ဘိုး/ဘွား ၁၆၉ ဦးအား အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က တစ်ဦးလျှင် ငွေကျပ်နှစ်သောင်း၊ ဆေးဝါးနှင့် စားသောက်ဖွယ်ရာများ၊ ထို့အပြင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ် ဒါဇင် ၅၀ နှင့် စာရေးကိရိယာများကို ရပ်ကွက်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီသို့ ပေးအပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

မဲဇလီလျှပ်စစ်ဓာတ်အားခွဲရုံအား ကြည့်ရှုစစ်ဆေး

ညောင်တုန်း မေ ၂၂
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာတွင် အသစ်တည်ဆောင်လျက်ရှိသော 33/11KV 5MVA ဓာတ်အားခွဲရုံသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးမြင့်သူ **(အပေါ်ပုံ)**သည် မေ ၂၂ ရက် နံနက်ကရောက်ရှိလာရာ မအူပင်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်ကျော်က အသစ်တည်ဆောင်နေသည့် ဓာတ်အားခွဲရုံနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြခြင်း၊ ဓာတ်အားခွဲရုံပြီးစီးပါက အဆိုပါဓာတ်အားခွဲရုံနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာ ၁၉ ရွာမှ ပြည်သူများ လျှပ်စစ်ဓာတ်အားကို အပြည့်အဝသုံးစွဲနိုင်ရေးအတွက် အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်သည် အသစ်တည်ဆောက်လျက်ရှိသော အဆိုပါဓာတ်အားခွဲရုံအား ကြည့်ရှုစစ်ဆေးခြင်း၊ အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားခြင်း၊ အမြန်ဆုံးပြီးစီးမှသာ ပြည်သူများအမြန်ဓာတ်အားရရှိသုံးစွဲနိုင်မည်ဖြစ်၍ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

ဝေရက်တောင်ခြေစခန်းသို့ မြန်မာနိုင်ငံသား တောင်တက်သမားနှစ်ဦး အောင်မြင်စွာ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၂
ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ မြန်မာနိုင်ငံ အလံစိုက်ထူနိုင်ရန် အောင်မြင်စွာတက်ရောက်ခဲ့ကြသောကိုပြည့်ဖြိုးအောင်နှင့် ကိုဝင်းကိုကိုတို့ နှစ်ဦးသည် မေ ၂၁ ရက်တွင် တောင်ခြေစခန်းသို့ အောင်မြင်ချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ပြီဟု သိရသည်။

တောင်တက်အဖွဲ့ဝင်နှစ်ဦးအနက် ကိုပြည့်ဖြိုးအောင်သည် တောင်ခြေစခန်းသို့ မေ ၂၁ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရောက်ရှိခဲ့ကာ ကိုဝင်းကိုကိုသည် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် တောင်ခြေစခန်းသို့ ရောက်ရှိခဲ့ပြီး ကျန်းမာရေးကောင်းမွန်ကြောင်း Myanmar Flag on Everest စာမျက်နှာမှ သိရသည်။

အဆိုပါတောင်ထိပ်သို့ ၂၀၁၄ ခုနှစ် ဧပြီလက မြန်မာတောင်တက်အဖွဲ့ဝင် ငါးဦးသည် ထူးဖောင်ဒေးရှင်းနာယက ဦးတေဇ၏ ပံ့ပိုးကူညီမှုဖြင့် တက်ရောက်ရန် သွားခဲ့ကြသည်။ သို့သော်လည်း ရာသီဥတုဆိုးရွားကာ ရေခဲတောင် ပြိုကျမှုကြောင့် တောင်တက်သမား အများအပြား သေဆုံးခဲ့ရသဖြင့် နီပေါနိုင်ငံအစိုးရက တောင်တက်ခြင်းကို တားမြစ်ခဲ့သည်။ ထို့ကြောင့် ၂၀၁၄ ခုနှစ် ဧပြီ ၂၄ ရက်တွင် မြန်မာတောင်တက်သမား ငါးဦး ပြန်လည်ဆုတ်ခွာခဲ့ရသည်။

ယခုဒုတိယအကြိမ်တွင်မူ ထူးဖောင်ဒေးရှင်း၏ ထောက်ပံ့ကူညီမှုဖြင့် မြန်မာတောင်တက်သမားနှစ်ဦးသည် ဧဝရက်တောင်ထိပ်သို့ ၂၀၁၆ ခုနှစ် မေ ၁၉ ရက်တွင် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သဖြင့် ပထမဆုံး ဧဝရက်တောင်ထိပ်ရောက် မြန်မာနိုင်ငံသားများအဖြစ် အသိအမှတ်ပြုသမိုင်းတွင်ခဲ့ပြီဖြစ်သည်။

ယင်းနေ့တွင်ပင် ဧဝရက်တောင်ထိပ်သို့ တက်ရောက်သူ နိုင်ငံတကာမှ အဖွဲ့ ၄၀၊ တောင်တက်သမား စုစုပေါင်း ၃၀၀ ခန့်ရှိပြီး ထိုအထဲတွင် Napassaporn Chumnarnsit အမည်ရှိ အမျိုးသမီးသည် ပထမဆုံး ထိုင်းနိုင်ငံမှ ဧဝရက်တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့သည့် အမျိုးသမီး ဖြစ်သည်။

ဧဝရက်တောင်ထိပ်သည် အိန္ဒိယနိုင်ငံမြောက်ဘက် ဟိမဝန္တာတောင်တန်းတွင် တည်ရှိ၍ ကမ္ဘာပေါ်၌ အမြင့်ဆုံးတောင်ထိပ်ဖြစ်သည်။ ၁၈၄၁ ခုနှစ်တွင် အိန္ဒိယအစိုးရ မြေတိုင်းဌာနအရာရှိချုပ် ဆာကျော့အဲဗရက်ဆိုသူသည် ထိုတောင်ထိပ်တည်ရာ အမြင့်ကို ပထမဦးဆုံး တိုင်းတာသတ်မှတ်ခဲ့ရာ ယင်းပုဂ္ဂိုလ်ကို ဂုဏ်ပြုသောအားဖြင့် အဲဗရက်တောင်ထိပ် (၀၊) ဧဝရက်တောင်ထိပ်ဟု ခေါ်ဆိုခဲ့သည်။

၁၉၂၂ ခုနှစ်မှစ၍ တောင်တက်အဖွဲ့များသည် ထိုတောင်ထိပ်သို့ တက်ရောက်နိုင်ရန် အကြိမ်ကြိမ်ကြိုးစား အားထုတ်ခဲ့ကြသော်လည်း အောင်မြင်မှုမရရှိခဲ့ကြဘဲ ၁၉၅၃ ခုနှစ် မေ ၂၉ ရက်မှသာ ဗြိတိသျှ တောင်တက်အဖွဲ့ အဖွဲ့ဝင်နယူးဇီလန်နိုင်ငံသား အက်ဒမန်ဟစ်လာရီနှင့် နီပေါနိုင်ငံသား တင်းဇင်နော်ကေးတို့သည် ဧဝရက်တောင်ထိပ်သို့ ဦးစွာပထမ အောင်မြင်စွာ တက်ရောက်ခဲ့ကြသူများဖြစ်သည်။

၁၉၇၅ ခုနှစ် မေ ၁၆ ရက်တွင်မူ ဂျပန်အမျိုးသမီး တောင်တက်အဖွဲ့ ဒုတိယခေါင်းဆောင် ယွန်ကို တာဗေအီသည် ဧဝရက်တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့သလို တရုတ်တောင်တက်အဖွဲ့မှအဖွဲ့ဝင် တရုတ်အမျိုးသမီး ဖန်သော့သည်လည်း ၁၉၇၅ ခုနှစ် မေ ၂၇ ရက်တွင် ဧဝရက်တောင်ထိပ်သို့ အရောက်တက်နိုင်ခဲ့ကြောင်းသည်။ **(ခင်ဇာလီ)**

တောင်ခြေစခန်းတွင် ကိုညီညီအောင်နှင့် ကိုဝင်းကိုကိုတို့ ပွေ့ဖက်နှုတ်ဆက်စဉ်။

ဟီရိုရှီးမားမြို့သို့ သွားရောက်လည်ပတ်မည့်အကြောင်း အိုဘားမားပြော

ကျိုတို မေ ၂၂

ရှုကလီးယားလက်နက်ကင်းစင်ကမ္ဘာအဖြစ် ရပ်တည်နိုင်ရန် အပြည့်အဝဆန္ဒရှိကြောင်းနှင့် ကမ္ဘာအဝန်းဖြစ်ပွားနေသော စစ်ပွဲများက ပြည်သူများ၏ အသက်နှင့် စည်းစိမ်များကို ခြောက်လှန့်နေကြောင်း၊ ဂျပန်နိုင်ငံတွင်ကျင်းပမည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးမတက်ရောက်မီ အင်နန်အိတ်ချ်ကေသတင်းဌာန၏ အင်တာဗျူးတစ်ခုတွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သမ္မတဘားရက်အိုဘားမားက မေ ၂၁ ရက်တွင် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။ ဗီယက်နမ်နိုင်ငံသို့ သွားရောက်လည်ပတ်ပြီးနောက် သမ္မတအိုဘားမားက ဂျပန်နိုင်ငံ၌ ဂျီ-၇ ထိပ်သီးအစည်းအဝေးကို တက်ရောက်မည်ဖြစ်ပြီး မေ ၂၇ ရက်တွင် ဟီရိုရှီးမားမြို့သို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

အင်တာဗျူးတွင် ဟီရိုရှီးမားမြို့သို့ သွားရောက်လည်ပတ်ရခြင်းနှင့်ပတ်သက်ပြီး မေးမြန်းရာတွင် သမ္မတကယခုအချိန်သည် ရှုကလီးယားပုံးဒဏ်ခံခဲ့ရသော ဟီရိုရှီးမားမြို့သို့ သွားရောက်လည်ပတ်ရန် အကောင်းဆုံးအချိန်ပင်ဖြစ်ကြောင်း၊ ဟီရိုရှီးမားသို့ သွားရောက်လည်ပတ်ခြင်းဖြင့် စစ်၏မကောင်းသော အင်္ဂေ့အသက်များကို သံဝေဂယူနိုင်ကြောင်း၊ ဟီရိုရှီးမားမြို့သည် ဂျီ-၇ အစည်းအဝေးပွဲ ကျင်းပမည့်မြို့နှင့် နီးကပ်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးအထိမ်းအမှတ်ကျောက်တိုင်ကိုလည်း သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟီရိုရှီးမားမြို့သို့ သွားရောက်လည်ပတ်ခြင်းသည် အတိတ်ကာလကို ပြန်အောက်မေ့သတိရရန်မဟုတ်ဘဲ စစ်ပွဲအတွင်းသေဆုံးသွားခဲ့သည့် ပြည်သူများအတွက် ဝမ်းနည်းကြေကွဲဖို့သာဖြစ်ကြောင်း၊ သမ္မတအိုဘားမားက သမ္မတရာထူးတာဝန် စတင်ထမ်းဆောင်သည့်အချိန်ကစပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ရှုကလီးယားကင်းစင်ကမ္ဘာအဖြစ်ရပ်တည်နိုင်ရေးကို အားသွန်ခွန်စိုက်ဆက်လက်လုပ်ဆောင်သင့်ကြောင်း ဆိုသည်။ ထိုသို့လုပ်ဆောင်ရာတွင် ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းရေးသဘောတူညီမှုများပြုလုပ်ကာ အဖြေရှာသင့်ကြောင်း အကြံပြုပြောကြားခဲ့သည်။ **အင်နန်အိတ်ချ်ကေ။**



အမေရိကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် အာဖဂန်တာလီဘန်ခေါင်းဆောင် သေဆုံး

ကဘူး မေ ၂၂

အာဖဂန်တာလီဘန်အဖွဲ့၏ ခေါင်းဆောင် မူလာအက်တားမင်ဆောသည် အမေရိကန်၏ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုတစ်ရပ်ကြောင့် သေဆုံးသွားပြီဖြစ်ကြောင်း တာလီဘန်အထက်တန်း တပ်မှူးတစ်ဦးက မေ ၂၂ ရက်တွင် အတည်ပြု ပြောကြားသည်။

မင်ဆော သေဆုံးရသည့် ဖြစ်ရပ်ကြောင့် နဂိုမူလကပင်လျှင် ခေါင်းဆောင်နေရာ ဆက်ခံရေးအတွက် အကွဲအပြဲဖြစ်ပေါ်နေသော တာလီဘန်အဖွဲ့အတွင်း ခေါင်းဆောင်သစ် တင်မြှောက်ရေးကိစ္စနှင့်ပတ်သက်၍ ယှဉ်ပြိုင်မှုပြင်းထန်လာနိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

တာလီဘန်အဖွဲ့ ထူထောင်သူ မူလာမိုဟာမက် အိုမာသေဆုံးခဲ့မှုကို ၎င်းကွယ်လွန်အပြီး နှစ်နှစ်ကျော်ကြာမြင့်ပြီးချိန် လွန်ခဲ့သည့် နှစ်တွင်မှ အတည်ပြုခဲ့သည်။

တာလီဘန်ခေါင်းဆောင် မင်ဆော သည် မေ ၂၁ ရက် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ရသည်။ တာလီဘန်ခေါင်းဆောင် မင်ဆောကို အာဖဂန်နစ္စတန်နိုင်ငံနှင့် ထိစပ်နေသော ပါကစ္စတန်နယ်စပ်အတွင်း သုတ်သင်နိုင်ခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားကြသည်။

ဒရုန်း(ခေါ်)မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကို အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ခွင့်ပြုပေးခဲ့ကြောင်း၊ ပါကစ္စတန်နိုင်ငံအတွင်း ခိုလှုံနေသော တာလီဘန်ခေါင်းဆောင်ပိုင်းကို လိုက်လံရှာဖွေကာ သတ်ဖြတ်ပစ်ရန် အမေရိကန်က ဆုံးဖြတ်ထားကြောင်း အမည်မဖော်သူ အမေရိကန်တာဝန်ရှိသူများက ပြောကြားကြသည်။

ပါကစ္စတန်နိုင်ငံသည် တာလီဘန်သောင်းကျန်းသူများကို ခိုလှုံခွင့်ပေးထားသည်ဟု အနောက်အုပ်စုကို ထောက်ခံသော အာဖဂန်အစိုးရအဖွဲ့က ထပ်တလဲလဲ စွပ်စွဲပြောကြားခဲ့သည်။

မင်ဆော၏ ဦးဆောင်မှုအောက်၌ တာလီဘန်အဖွဲ့က အယ်လ်ခိုင်ဒါကဲ့သို့သော စစ်သွေးကြွအုပ်စုများနှင့် ပိုမိုနီးစပ် ဆက်နွယ်လာနေခြင်းသည် အမေရိကန်ပြည်ထောင်စု၏ လုံခြုံရေးကို တိုက်ရိုက်ခြိမ်းခြောက်နေသည်ဟု အမေရိကန်တပ်မှူးများက ယူဆကြကြောင်း သတင်းတွင် ဖော်ပြသည်။

ရိုက်တာ။

ပျက်ကျခဲ့သော လေယာဉ်ကိုရှာဖွေနိုင်ရန် အီဂျစ်နိုင်ငံက ရေငုပ်သင်္ဘောစေလွှတ်

ကိုင်ရို မေ ၂၂

မြေထဲပင်လယ်အတွင်းသို့ ပျက်ကျခဲ့သော ခရီးသည်တင်လေယာဉ်ကို ရှာဖွေနိုင်ရန် အီဂျစ်နိုင်ငံက မေ ၂၂ ရက်တွင် ရေငုပ်သင်္ဘောတစ်စင်းကို စေလွှတ်ပေးလိုက်ပြီဖြစ်ကြောင်း သမ္မတ အင့ဒူဖာတာအယ်စီစီက ပြောကြားသည်။

အီဂျစ်အဲလေကြောင်းဌာနမှ ပျက်ကျခဲ့သော ခရီးသည်တင်လေယာဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုကို အချိန်ယူပြုလုပ်ရမည်ဖြစ်ကြောင်း သမ္မတစီစီက ပြောကြားသည်။

မေ ၁၉ ရက်က ပျက်ကျခဲ့သော အဲဘတ်စ်-၃၂၀ အမျိုးအစား ဂျက်လေယာဉ်နှင့်ပတ်သက်၍ သမ္မတစီစီက ပြည်သူလူထုအား မှတ်ချက်ပြုပြောကြားခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ အဆိုပါလေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်ပေါ်လိုက်ပါလာသူ ၆၆ ဦးစလုံး သေဆုံးခဲ့ကြရသည်။

လေယာဉ်ပျက်ကျမှုဖြစ်စဉ်နှင့်ပတ်သက်၍ အဘက်ဘက်မှ သုံးသပ်လေ့လာရန် လိုအပ်ပြီး အလျင်စလိုသုံးသပ်ပြောကြားခြင်း မပြုလုပ်လိုကြောင်း သမ္မတစီစီက ပြောကြားသည်။

ရေနံလုပ်ငန်း၀န်ကြီးဌာနမှ ရေငုပ်သင်္ဘောတစ်စင်းကို အသုံးပြု၍ လေယာဉ်ပျက်ကို ရှာဖွေစေမည်ဖြစ်ကြောင်း၊ ယင်းရေငုပ်သင်္ဘောသည် ရေအောက်အနက် မီတာ ၃၀၀၀ အထိ ငုပ်လျှိုးနိုင်ကြောင်း၊ ဒါမီတာ ပင်လယ်ဆိပ်ကမ်းမြို့၌ ဓာတ်မြေသြဇာ စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာသော အစိုးရအဖွဲ့ဝင်၀န်ကြီးများနှင့် ပါလီမန်အမတ်များအား သမ္မတစီစီက ပြောကြားသည်။

ရိုက်တာ။

ငါးနှစ်ကြာ ဆီးရီးယားပြည်တွင်းစစ်ကာလအတွင်း အကျဉ်းသား ၆၀၀၀၀ ထက်မနည်းသေဆုံး

ဒမတ်စကတ် မေ ၂၂

ဆီးရီးယားနိုင်ငံ၌ ငါးနှစ်ကြာ ပြည်တွင်းစစ်ကာလအတွင်း အစိုးရအကျဉ်းထောင်များ၌ လူပေါင်း ၆၀၀၀၀ ထက်မနည်း သေဆုံးခဲ့ရကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံရှိ အစိုးရအကျဉ်းထောင်များအတွင်း အကျဉ်းသားများ သေဆုံးခဲ့ရမှုအခြေအနေနှင့်ပတ်သက်၍ လေ့လာဖော်ထုတ်နိုင်ရန် လုံခြုံရေးသတင်းရပ်ကွက်ကို ကိုးကားခဲ့သည်ဟု ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ဆီးရီးယားပြည်တွင်းစစ်ကာလအတွင်း အကျဉ်းထောင်များ၏ အခြေအနေနှင့်ပတ်သက်၍ ယင်းအဖွဲ့၏ အစီရင်ခံစာပါ ဖော်ပြချက်များကို အစိုးရတာဝန်ရှိသူများက အတည်ပြုပြောကြားခြင်းမရှိပေ။

ငါးနှစ်ကြာ ပြည်တွင်းစစ်ကာလအတွင်း အစိုးရအကျဉ်းထောင်များအတွင်း အကျဉ်းချခံရသူများသည် ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ အစာရေစာ အလုံအလောက်မရရှိခြင်း၊ ဆေးဝါးကုသခံယူခွင့်ဆုံးရှုံးခြင်း စသည့်အကြောင်းတရားများအရ အလုံးအရင်းဖြင့် သေဆုံးရခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရိုက်တာ။

မိုဇမ်ဘစ်သမ္မတနှင့် အတိုက်အခံပါတီခေါင်းဆောင် တွေ့ဆုံမည်

မာပူတို မေ ၂၂

တိုင်းပြည်၏အဓိကအတိုက်အခံပါတီခေါင်းဆောင်နှင့် မကြာမီတွေ့ဆုံဆွေးနွေးရန်ရှိကြောင်း မိုဇမ်ဘစ်သမ္မတ ဖိလိပီနူဆီက ယနေ့ပြောကြားခဲ့ကြောင်း အစိုးရမီဒီယာများက မေ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

၎င်းပြောကြားချက်သည် ယခုသီတင်းပတ်အတွင်း အတိုက်အခံပါတီဖြစ်သော ရီနာမိုပါတီက ဆွေးနွေးပွဲများပြန်လည်စတင်ရန် အစိုးရ၏ ကမ်းလှမ်းချက်အား လက်ခံခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် ဩဂုတ်လမှစတင်ပြီး ရပ်နားခဲ့ရသော ဆွေးနွေးပွဲအား ပြန်လည်စတင်ရန် လမ်းစပေါ်လာခြင်းဖြစ်သည်။

၎င်းပါတီ၏ခေါင်းဆောင် အယ်လ်ဗွန်ဆို ဒါလာကာမာက ပါတီဝင်သုံးဦးအား လွှတ်တော်တွင် စေ့စပ်ညှိနှိုင်းရေးသမားများအဖြစ် ခန့်အပ်ခဲ့သည်။ သမ္မတနူဆီက ယခုခြေလှမ်းသည် ပြည်သူအများ မျှော်လင့်နေသော အရာဖြစ်ပြီး ၎င်းအနေဖြင့် ဒါလာကာမာနှင့် အပြုသဘောဆောင်သော ဆွေးနွေးပွဲများကို ပြုလုပ်လိုကြောင်း ပြောကြားခဲ့သည်ဟု နိုင်ငံပိုင် အေအိုင်အမ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ခေါင်းဆောင်နှစ်ဦး၏ ဆွေးနွေးပွဲသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် အပြုသဘောဆောင်လိမ့်မည်ဟု အဆိုပါသတင်းတွင် ဖော်ပြသည်။

ရီနာမိုသူပုန်များသည် အာဏာရပါတီအား ၁၆ နှစ်ကြာမျှ လက်နက်ကိုင်တိုက်ခိုက်ခဲ့ပြီးနောက် ၁၉၉၂ ခုနှစ်တွင် ငြိမ်းချမ်းရေးစာချုပ်တစ်ရပ်အား လက်မှတ်ထိုးကာ နိုင်ငံရေးပါတီအဖြစ် အသွင်ကူးပြောင်းခဲ့သည်။

ဆင်ဟွာ။

နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်

ဒီတစ်ပတ်တော့ ကမ္ဘာ့နိုင်ငံရေးမြင်ကွင်းတွေကို ခဏနားပြီး လူသားတွေရဲ့ အသက်ရှင်ရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ "ရေ" နဲ့ဆက်နွယ်နေတဲ့ အကြောင်းအရာလေးကိုတင်ပြလိုပါတယ်။ ရေဆရာဝန် (Water Doctor)၊ ရေစစ်သည်တော် (Water warrior) ဆိုတဲ့ ဝေါဟာရတွေကို ကြားဖူး၊ ဖတ်ဖူးသူနည်းမယ်လိုတော့ ထင်ပါတယ်။ ဒီအကြောင်းတွေကို ပြောမယ်ဆိုရင် အရင်ဆုံး ရေဆရာဝန်လို့ ဂုဏ်ပြုခေါ်ကြတဲ့ အာယုပါမာဆာဂျီး (Ayyappa Masagi) အကြောင်းနဲ့ စရမှာပါ။ အာယုပါမာဆာဂျီးကို အိန္ဒိယနိုင်ငံရဲ့ ကျေးရွာငယ်လေးတစ်ရွာမှာ မွေးဖွားခဲ့တာပါ။ အာယုပါမာဆာဂျီးငယ်စဉ်က ကြုံခဲ့ရတဲ့ဒုက္ခဆင်းရဲဟာ အိန္ဒိယနိုင်ငံလို၊ မြန်မာနိုင်ငံလို နိုင်ငံတွေရဲ့ကျေးလက်တောရွာတွေမှာ ရှောင်လွှဲလို့မရတဲ့ နေ့စဉ်ဘဝရုန်းကန်မှုပါ။ အာယုပါမာဆာဂျီးက "ကျွန်တော်ငယ်ငယ်တုန်းက ရေပြဿနာအများကြီး ကြုံခဲ့ရတာပါ။ စမ်းချောင်းထဲကရေသွားခပ်ဖို့ မနက် ၃ နာရီအိပ်ရာကထပြီး အဖေနဲ့အတူတူ မိုင်နဲ့ချီလမ်းလျှောက်သွားရပါတယ်။ ဒါကြောင့် ကြီးလာတဲ့အခါ ရေပြဿနာဖြေရှင်းနိုင်မယ့်အဖြေရှာမယ်လို့ ကျွန်တော် သန္ဓိဋ္ဌာန်ချခဲ့ပါတယ်။ ဒါကြောင့်လည်း ၂၀၀၂ ခုနှစ်မှာ စက်မှုအင်ဂျင်နီယာအလုပ်ကနေ နုတ်ထွက်ခဲ့ပြီး ရေပြဿနာဖြေရှင်းနိုင်ဖို့ဆောင်ရွက်ခဲ့တာပါ" လို့ပြောပြီး ရေနဲ့ပတ်သက်တဲ့သူ့ရဲ့ သန္ဓိဋ္ဌာန် ဘယ်လိုသန္ဓေတည်ခဲ့သလဲဆိုတာကို ရှင်းပြခဲ့ပါတယ်။

အိန္ဒိယနိုင်ငံဟာ နှစ်နှစ်ဆက်တိုက် မုတ်သုံမိုးနည်းခဲ့လို့ အိန္ဒိယပြည်သူသန်း ၃၃၀ ဟာ ရေရှားပါးမှုပြဿနာနဲ့ ရင်ဆိုင်နေရတာပါ။ ခန်းခြောက်လာတဲ့ ရေလှောင်ကန်တွေနဲ့အတူ ကိုယ့်ကိုယ်ကိုယ်သတ်သေတဲ့ တောင်သူလယ်သမားတွေလည်း တိုးပွားလာပါတယ်။ မိုးခေါင်ရေရှားတဲ့ ဒဏ်ကိုမခံနိုင်လို့ ရွာသူရွာသားတွေ ဖြစ်ချင်ရာဖြစ်စေတော့ဆိုတဲ့စိတ်နဲ့ ရွာတွေကိုစွန့်၊ မြို့ကိုပြောင်းပြေးရတဲ့ အဖြစ်တွေ ပိုကြုံတွေ့လာရပါတယ်။ တကယ်ကတော့ ရေရှားပါးမှုပြဿနာဟာ အိန္ဒိယလို၊ မြန်မာနိုင်ငံလို နိုင်ငံတွေမှာပဲ ရင်ဆိုင်နေရတဲ့ပြဿနာမဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးရင်ဆိုင်နေရတဲ့ ပြဿနာပါ။ ကမ္ဘာကြီးရဲ့ ၇၀ ရာခိုင်နှုန်းကို ရေဖုံးလွှမ်းနေပေမယ့် သန့်ရှင်းတဲ့ရေဆိုတာကို မသုံးနိုင်၊ မစွဲနိုင်တဲ့ ကမ္ဘာ့ပြည်သူ အရေအတွက်က ၇စဝ၃ သန်းလောက်ရှိပါတယ်။ အာယုပါမာဆာဂျီးကြဆထားတဲ့နည်းလမ်းဟာ ကမ္ဘာမြေကြီးပေါ် ရွာချလိုက်တဲ့ မိုးရေအပေါ် အခြေခံပါတယ်။ အာယုပါမာဆာဂျီးရဲ့တွက်ချက်မှုအရ အိန္ဒိယနိုင်ငံပေါ် ရွာချလိုက်တဲ့မိုးရေရဲ့ ၃၀ ရာခိုင်နှုန်းကိုသာ သိမ်းဆည်းသိုလှောင်နိုင်ခဲ့ရင် တစ်နှစ်စာရွာချလိုက်တဲ့မိုးရေဟာ နိုင်ငံကို သုံးနှစ်လောက် ရေလုံလောက်အောင်ဖန်တီးပေးနိုင်ပါတယ်။

အာယုပါမာဆာဂျီးကြံဆထားတဲ့ နည်းလမ်းရဲ့ သဘောကို ကြည့်ရအောင်ပါ။ မာဆာဂျီးရဲ့ နည်းလမ်းဟာ ကျင်းစနစ်ကို အခြေခံတယ်လို့ပြောရမှာပါ။ မာဆာဂျီးက ရွှံ့၊ သဲ၊ မြေကြီး၊ ကျောက်စရစ်ခဲနဲ့ ကျောက်တုံးကြီး အရွယ်တော်တွေသုံးပြီး ကျင်းတွေကို အခိုင်အခန့်တူးဖော်ပြုလုပ်ပါတယ်။ မာဆာဂျီးစနစ်သုံးတဲ့ ကျင်းရဲ့တစ်စိတ်တစ်ပိုင်းကို ကျောက်စရစ်နဲ့သဲရောပြီး ဖြည့်ထည့်ထားပါတယ်။ လယ်မြေတစ်ဧကမှာ ကျင်းရှစ်ကျင်းအထိ ရအောင်တူးဖော်ပြုလုပ်ပါတယ်။ မိုးရွာလို့ပဲ ဖြစ်ဖြစ်၊ ရေကြီးလို့ပဲဖြစ်ဖြစ် ရေဟာကျောက်စရစ်နဲ့ သဲက တစ်ဆင့် တစိမ့်စိမ့်စီးဝင်ပြီး တဖြည်းဖြည်းချင်းအောက်ခံမြေဆီလွှာကို ရေဖြည့်ပေးပါတယ်။ အောက်ခံမြေဆီလွှာမှာ ရေပြည့်သွားတဲ့အခါ ရေဟာသဲနဲ့ကျောက်စရစ်တွေက တစ်ဆင့် အပေါ်ကို ပလုံစီပြန်တက်လာပြီး သဘာဝစမ်းချောင်းပုံစံမျိုးဖြစ်လာပါတယ်။ မာဆာဂျီးက "အောက်ခံမြေဆီလွှာကို ရေဖြည့်တဲ့ဖြစ်စဉ်ဟာ တဖြည်းဖြည်းတရွေ့ရွေ့ဖြစ်တာဖြစ်တော့ မြေသားအောက်မှာ ရေကို သိမ်းဆည်းသိုလှောင်နိုင်ပြီဆိုတာနဲ့ လယ်မြေတစ်ခုလုံးမှာ အမြဲတမ်းရေရှိသွားပါပြီ" လို့ ရှင်းပြပါတယ်။ မာဆာဂျီးရဲ့ ရေလှောင်နည်းစနစ်ဟာ ရေလှောင်ကန်တွေလို နေနဲ့ တိုက်ရိုက်ထိတွေ့တာမရှိလို့ အငွေ့ပျံတာ မရှိသလို ရေကိုညစ်ညမ်းစေနိုင်တဲ့ အခွင့်အလမ်းလည်း အတော်ကို နည်းပါတယ်။ ရေငွေ့ဓာတ်ဟာ မြေကြီးထဲမှာ အမြဲတမ်းရှိနေတော့ မိုးခေါင်ချိန်မှာတောင် အပင်တွေက ရေကိုရယူနိုင်ပါတယ်။ မာဆာဂျီးက "အခြေခံစိတ်ကူးကတော့ ကမ္ဘာမြေပေါ် ကျလာတဲ့ မိုးရေတစ်စက်ကိုတောင် အလဟဿမဖြစ်ဖို့ပါ။ မိုးရေဟာ လယ်မြေမှာရှိနေတဲ့ ကျင်းတစ်ကျင်းမဟုတ်တစ်ကျင်းကို စီးဝင်သွားမှာပါ"လို့ စိတ်ဓာတ်တက်ကြွမှုအပြည့်နဲ့ ထပ်ရှင်းပြခဲ့ပါတယ်။

မာဆာဂျီးဟာ သူ့စိတ်ကူးအလုပ်ဖြစ်တာကို သက်သေပြဖို့ ၂၀၁၄ ခုနှစ်မှာ Chilamathur မြို့အနီးက တောရိုင်းမြေ ၈၄ ဧကကိုဝယ်ယူခဲ့ပါတယ်။ ဒီဒေသဟာ ဘန်ဂလိုမြို့ရဲ့ အရှေ့မြောက် ၁၁၀ ကီလိုမီတာ အကွာမှာရှိပြီး မိုးခေါင်တဲ့ဒဏ်ကို အဆက်မပြတ်ခံနေရတဲ့ အန်ဒရာပရာဒေ့ရှ် (Andhra Pradesh) ပြည်နယ်ထဲက ဒေသတစ်ခုပါ။ ဒီကနေ့မှာဆိုရင် တောရိုင်းမြေဖြစ်တဲ့ ၈၄ ဧကအကျယ် မြေပြင်ဟာ မာဆာဂျီးစနစ်သုံး ကျင်းပေါင်း ၂၅၀၀၀ ရှိနေပြီး ရေကန် လေးကန်လည်းရှိနေပါပြီ။ ဒီ ၈၄ ဧကမြေပြင်ပေါ် ကျလာတဲ့ မိုးရေစက်တိုင်း မိုးရေစက်တိုင်းကို သိမ်းဆည်းသိုလှောင်နိုင်ခဲ့ပါပြီ။ အောက်ခံမြေဆီလွှာမှာ ရေရှိနေတဲ့အတွက် လိုအပ်တဲ့အခါ အဝီစိတွင်း တိမ်လေးတွေတူးပြီး ရယူသုံးစွဲနိုင်ပါတယ်။ ရေကန်တွေ တူးရာကနေ ထွက်လာတဲ့ အပေါ်ယံမြေသားတွေကို မြေမျက်နှာပြင်ညီအောင် ညှိယူတဲ့နေရာမှာသုံးပါတယ်။ ၈၄ ဧက အကျယ်မြေပြင်ရဲ့ ၆၀ ရာခိုင်နှုန်းကို တောအုပ်ထူထူပုံစံသစ်ပင်တွေ ဖုံးလွှမ်းနေမှာဖြစ်ပြီး ကျန် ၄၀ ရာခိုင်နှုန်းမှာတော့ သီးပင်စားပင်တွေ စိုက်ပျိုးပါတယ်။ နောက်နှစ်မှာဆိုရင် နွေစားနွားတွေ မွေးဦးမှာပါ။ စိတ်ကူးကတော့ ရေရှားပါးမှုပြဿနာလုံးဝကင်းတဲ့ အော်ဂဲနစ်စိုက်ပျိုး မွေးမြူရေးခြံတစ်ခုအဖြစ် ထာဝရရပ်တည်နိုင်အောင် ဖန်တီးဖို့ပါ။

မာဆာဂျီးဒီဇိုင်းထုတ်ဆောင်ရွက်ပေးခဲ့တဲ့ ရေသိမ်းဆည်းသိုလှောင်စနစ်တွေဟာ လက်တွေ့အကောင်အထည်ဖော်မယ့် နယ်မြေတွေပေါ်မှာပဲ အခြေခံပြုလုပ်ခဲ့တာပါ။ မိုးရေသိမ်းဆည်းသိုလှောင်နိုင်မယ့် နေရာအနေအထား၊ လယ်မြေရဲ့အကျယ်အဝန်း၊ ဒီဒေသရဲ့ မိုးရေချိန်၊ လယ်သမားလက်ထဲရှိတဲ့ဘတ်ဂျက်စတဲ့ စတဲ့အချက်တွေကိုအခြေခံပြီး မာဆာဂျီးက ဒီဇိုင်းထုတ်ပေးတာပါ။ မာဆာဂျီးကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်မယ့် လယ်မြေကိုဆင်းကြည့်ပြီး စနစ်၊ ဒီဇိုင်းနဲ့ လိုအပ်တဲ့ပစ္စည်းကို ထုတ်ပေးပါတယ်။ မာဆာဂျီးကြံဆခဲ့တဲ့ မိုးရေသိမ်းဆည်းသိုလှောင်တဲ့စနစ်ကွဲတွေက ၁၀၀ ကျော်သွားပါပြီ။ မာဆာဂျီးနည်းစနစ်ရဲ့အကျိုးကို ရရှိခံစားနေတဲ့ လယ်သမားအရေအတွက်က ၁၀၀၀၀၀ ကျော်သွားပါပြီ။ မာဆာဂျီးနည်းစနစ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လေ့ကျင့်သင်ကြားပေးထားတဲ့ ဒေသအလိုက် ရေစစ်သည်တော်တွေကလည်း ၁၀၀ ကျော်သွားပါပြီ။ ဒီရေစစ်သည်တွေက နီးစပ်ရာဝန်းကျင်ဒေသမှာ အလားတူ နည်းစနစ်ကျင့်သုံးဖို့ အကူအညီပေးကြပါတယ်။ ဒီနေရာမှာ မာဆာဂျီးက တောသူတောင်သားတွေကို ရေနဲ့ပတ်သက်တဲ့ဗဟုသုတတွေ မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံရအောင် ဂရုတစိုက်ဆောင်ရွက်ခဲ့တာက အတော်ကြီးကို တာသွားပါတယ်။ မာဆာဂျီးဟာ ရောက်လေရာကျေးရွာတွေမှာ လက်တော့(Laptop) သုံးပြီး တခြားကျေးရွာတွေမှာ ဘယ်လိုဆောင်ရွက်နေတာကို ရှင်းလင်းပြသခဲ့သလို လက်တွေ့ဆောင်ရွက်ပုံ နည်းစနစ်လမ်းညွှန်စာအုပ်ငယ်တွေကိုလည်း ဖြန့်ဝေပေးခဲ့ပါတယ်။ မိုးရေသိမ်းဆည်းသိုလှောင်စနစ်နဲ့ပတ်သက်ပြီး မာဆာဂျီးက လယ်သမားတွေကိုသာမကပါဘူး၊ ဒေသဆိုင်ရာ အစိုးရအရာရှိတွေကိုပါ ပညာပေးစည်းရုံးခဲ့တာပါ။

မာဆာဂျီးဟာ ၂၀၀၄ ခုနှစ်မှာ သူရခဲ့တဲ့ ပြည်သူ့အကျိုးပြုတီထွင်မှုဆိုင်ရာ Ashoka ဆုချီးမြှင့်ငွေကို အသုံးပြုပြီး ရေဗဟုသုတဖောင်ဒေးရှင်း (Water Literacy Foundation) ကို ၂၀၀၅ ခုနှစ်မှာ ထူထောင်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံ ဘန်ဂလိုမြို့မှာ ထူထောင်ခဲ့တာပါ။ ၂၀၀၈ ခုနှစ်မှာတော့ စက်မှုလုပ်ငန်းတွေအတွက် မိုးရေသိမ်းဆည်းသိုလှောင်တဲ့စနစ်ကို ဒီဇိုင်းဆွဲဝန်ဆောင်မှုပေးနိုင်ဖို့ Rain Water Concepts Pvt., Ltd ကုမ္ပဏီကို ထူထောင်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာတော့ မာဆာဂျီးဟာ Jamnalal Bajaj ဆုကို ထပ်မံရရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာတော့ ကမ္ဘာ့မှတ်တမ်းဝင်အဖြစ်အပျက်တွေကို ပုံနှိပ်ထုတ်ဝေတဲ့ အိန္ဒိယနိုင်ငံထုတ် Limca Booh of Records က သဘာဝအတိုင်းမဟုတ်ဘဲ ဖန်တီးတည်ဆောက်ထားတဲ့ ရေကန် ၅၀၀ ကို ပြုလုပ်နိုင်ခဲ့တဲ့ တစ်ခုတည်းသောကုမ္ပဏီအဖြစ် Rain Water Concepts Pvt., Ltd ကို မှတ်တမ်းတင်ခဲ့ပါတယ်။ ရေဗဟုသုတဖောင်ဒေးရှင်းရဲ့ ထုတ်ပြန်ချက်အရ အမျိုးမျိုးအဖုံဖုံသော ဒေသ ၃၆၀၀၀ က ပြည်သူ ၁ ဒသမ ၅ သန်းဟာ မာဆာဂျီးနည်းပညာရဲ့အကျိုးကျေးဇူးကိုခံစားနေရပါပြီ။ နိုဝင်ဘာ၂၀အနေနဲ့ မာဆာဂျီးပြောခဲ့တဲ့ စကားလေးကိုကိုးကားဖော်ပြပါရစေ။ "အပြောချည်းသာဆိုရင်တော့ ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။ ခင်ဗျားက ကြံစည်တွေးတောဖို့လိုသလို လက်တွေ့မှာဖြစ်နိုင်တယ်ဆိုတာကိုလည်း သက်သေပြနိုင်ဖို့ လိုပါတယ်။ အစိုးရအဖွဲ့အသီးသီးက ကျွန်တော့်စိတ်ကူး၊ ကျွန်တော့်နည်းပညာကို အတုယူအကောင်အထည်ဖော်ကြပါတယ်။ လူ့အဖွဲ့အစည်းတစ်ခုရဲ့ အတွေးအမြင် ခံယူချက်တွေပြောင်းတာနဲ့ နိုင်ငံရေးအတွေးအမြင် ခံယူချက်တွေလည်း လိုက်ပြောင်းတာပါပဲ။ ဒီသဘောတရားကို ကမ္ဘာအနှံ့ ဆင့်ပွားဆင့်ပွားပြန့်ပွားအောင် ကျွန်တော်တို့ ဆောင်ရွက်နိုင်စွမ်းရှိပါတယ်"တဲ့။ အာယုပါမာဆာဂျီးကို အတုယူပြီး ပြည်သူ့အကျိုးပြုနည်းပညာတွေ ဖန်တီးဖို့ လိုအပ်နေတာကတော့ အသေအချာပါပဲ။ အာယုပါမာဆာဂျီးကို ဆက်သွယ်ချင်ရင် rain watermasagi2000@yahoo.co.in ကို ဆက်သွယ်နိုင်ပါတယ်။ ။

နလုံးလှစေတနာ စာကြည့်တိုက်ဖွင့်

ပဲခူး မေ ၂၂

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မွေးတွင်းကုန်းကျေးရွာအုပ်စု ကျွန်းတောကျေးရွာတွင် နှလုံးလှစေတနာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မေ ၂၁ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

အဆိုပါစာကြည့်တိုက်ဖွင့်ပွဲတွင် ကျွန်းတောကျေးရွာဆရာတော် ဦးတိကဿာရမှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်သော်ဇင်(မြို့နယ်ဦးစီးမှူး)က စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးခဲ့ပြီး စာကြည့်တိုက်နာယက ဦးကြင်ဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားကာ အဆိုပါစာကြည့်တိုက်သို့ မြို့နယ်ပြန်/ဆက် ဦးစီးမှူးမှ သုတ/ရသ စာအုပ် ၁၂၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ စာကြည့်တိုက်မှာ အလျား ၁၈ ပေ၊ အနံ ၁၅ ပေနှင့် အမြင့် ၁၅ ပေရှိပြီး သွပ်မိုး၊ ပျဉ်ကာဖြစ်ကာ ကျေးရွာနေပြည်သူများမှ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၂

"စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း"က ကြီးမှူးပြုလုပ်သော ပထမအကြိမ် သွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့် (ယခင်သွားဆေးတက္ကသိုလ်)ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်)၌ မေ ၂၈ ရက် နံနက် ၉ နာရီမှ ၁၁နာရီအထိ ပြုလုပ်မည်ဖြစ်ရာ မည်သူမဆို လာရောက်သွေးလှူဒါန်းနိုင်ကြသည်။

သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများ အပြင် "စန်းမောင်မြင့်သွေးလှူကုသိုလ်ဖောင်ဒေးရှင်း"မှ အခြားသော လက်ဆောင်များဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့် ပုဂ္ဂိုလ်များ အနေဖြင့် "စန်းမောင်မြင့် သွေးလှူကုသိုလ် ဖောင်ဒေးရှင်း" ဖုန်း ၀၉-၅၁၃၅၅၁၅၊ ၀၉-၇၈၆၆၇၇၂၉၂ တို့သို့ မေ ၂၆ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားသည်။

(သတင်းစဉ်)

ဘော်ကြိုတွင် နဂါးရုံဘုရားရွှေထီးတော်တင်လှူပူဇော်

သီပေါ မေ ၂၂

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ စောမွန်လှစေတီတော်ပုရဝဏ်အတွင်း၌ နဂါးရုံဘုရားရွှေထီးတော်တင်လှူပွဲနှင့် ပိမာန်သစ်ဖွင့်ပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ထို့နောက် နဂါးရုံဘုရားရွှေထီးတော်၊ ဌက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ဘော်ကြိုဆရာတော်နှင့် နမ့်လန်မြို့လယ်ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဧ ဘဒ္ဒန္တဥာဏောဘာသတို့ဦးဆောင်၍ တင်လှူပူဇော်တော်မူပြီး ဆရာတော်များထံမှ အနုမောဒနာတရားတော်များကိုနာယူကာ ရေစက်သွန်းချအမျှပေးဝေကြသည်။

(သီပေါကိုလတ်)

စာအုပ် စာပေ လူ့မိတ်ဆွေ

SYSTEM BREAKDOWN (ဓာတ်အားစနစ်ပြိုလဲခြင်း)

ဦးကြည်သာ-ဂ

အခုတလော system breakdown ဆိုတဲ့အကြောင်းကို လူအများစိတ်ဝင်တစားပြောဆိုနေကြပါတယ်။ ဓာတ်အားစနစ်ဆိုတာ မြန်မာနိုင်ငံလို နိုင်ငံငယ်လေးတွေမှာတော့ တစ်နိုင်ငံလုံးမှာ တစ်ခုတည်းရှိပေမယ့် အမေရိကန်နဲ့ တရုတ်နိုင်ငံလို နိုင်ငံကြီးတွေမှာတော့ နှစ်ခု၊ သုံးခုစသည်ဖြင့် သီးခြားတည်ဆောက်ထားကြပါတယ်။

မြန်မာနိုင်ငံမှ တစ်ခုတည်းရှိသော ဓာတ်အားစနစ်ကြီး ပြိုလဲသွားတဲ့အခါ တစ်နိုင်ငံလုံး မီးမှောင်ကျသွားတော့တာပါပဲ။ နိုင်ငံကြီးတွေမှာတော့ ဒီလိုဖြစ်ရပ်မျိုးတွေဟာ ဖြစ်တောင့်ဖြစ်ခဲပါပဲ။ ၁၀နှစ်တစ်ကြိမ်လောက်ဖြစ်တတ်ကြတယ်လို့ သိရပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ နောက်ဆုံးဖြစ်သွားတာကတော့ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့က အမေရိကန်မြောက်ပိုင်းနဲ့ အလယ်ပိုင်းမှာဖြစ်ပွားခဲ့သော ဓာတ်အားပြတ်တောက်မှုပဲ ဖြစ်ပါတယ်။ ဓာတ်အားပမာဏ ၆၁စဝ၀ မဂ္ဂါဝပ် မီးပေးနေတဲ့ ဓာတ်အားစနစ်ပြတ်တောက်မှုကြောင့် လူပေါင်း သန်း ၅၀ ခန့်ဟာ ၁၅ နာရီမှ ၂၄ နာရီအထိ လျှပ်စစ်ဓာတ်အား မရှိဘဲနေခဲ့ရပြီး ဓာတ်အားပြတ်တောက်မှုကြောင့် နစ်နာဆုံးရှုံးမှုက အမေရိကန်ဒေါ်လာ ဘီလီယံဂဏန်းထိ ရှိခဲ့ပါတယ်။

ဒီနောက် အမေရိကန်နိုင်ငံမှာ ၁၉၆၅ ခုနှစ် နိုဝင်ဘာလ ၉ရက်နေ့က ဖြစ်ပွားခဲ့တဲ့ ဓာတ်အားပြတ်တောက်မှုကတော့ Great blackout လို့နာမည်ကြီးခဲ့ပါတယ်။ Where were you when the light go out ဆိုတဲ့ ရုပ်ရှင်ဇာတ်ကား ပေါ်ပေါက်ခဲ့တဲ့အထိပါ။ အဲဒီဓာတ်အားပြတ်တောက်မှုနောက်ပိုင်းမှာတော့ အနာဂတ်မှာ ဒီလိုဓာတ်အားပြတ်တောက်မှုတွေ မဖြစ်ဖို့ Northeast Power Co-ordinationg Council (NPCC) ကို ၁၉၆၆ ခုနှစ်မှာ ဖွဲ့စည်းခဲ့ရပြီး North American Electricity Rellability Council (NERC) ကိုလည်း ၁၉၆၈ ခုနှစ်မှာ ဖွဲ့စည်းပေးခဲ့ရတဲ့အထိပါ။ ဒါပေမယ့် ၁၉၇၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့မှာတော့ ဓာတ်အားလိုင်းကြီးများကို မိုးကြိုးပစ်မှုကြောင့် နယ်ယောက်မြို့ကြီးမှာ ၂၅ နာရီကြာ ဓာတ်အားပြတ်တောက်မှု ဖြစ်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံဆိုတာ ၁၈၈၂ ခုနှစ်ကစပြီး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ စတင်တည်ဆောက်ကာ မြို့ပြတွေကို လျှပ်စစ်ဖြန့်ဖြူးပေးခဲ့တယ်။

၁၉၃၀ ခုနှစ်လောက်ကျတော့ အမေရိကန်နှင့် ဥရောပနိုင်ငံတွေမှာ ဓာတ်အားသယ်ပို့ခြင်းနှင့် ဖြန့်ဖြူးရေးစနစ် (Transmission and Distribution System)ကို စနစ်တကျ ဆောင်ရွက်နိုင်ပြီလို့သိရပါတယ်။ အမေရိကန်နိုင်ငံမှာ ၁၉၅၃ ခုနှစ် The Federal Power Commission ကိုစတင်ဖွဲ့စည်းပြီး ဓာတ်အားစနစ်တကျ ဆောင်ရွက်ခဲ့ကြတာတောင် ဓာတ်အားပြတ်တောက်မှုတွေ ရှိခဲ့ကြတယ်ဆိုတော့ ဓာတ်အားပြတ်တောက်မှုဆိုတာ ဓာတ်အားစနစ်မှာ ဖြစ်နိုင်တဲ့၊ ဖြစ်တတ်တဲ့ဖြစ်ရပ်တစ်ခုပါပဲ။ ဒါပေမယ့် နိုင်ငံကြီးတွေမှာ ဆယ်နှစ်လောက်မှ တစ်ကြိမ်ဖြစ်ခဲ့ပေမယ့် ကျွန်တော်တို့ နိုင်ငံမှာကတော့ ၂၀၀၉-၂၀၁၀ ခုနှစ်တွေတုန်းကဆိုရင် တစ်နှစ်မှာ အကြိမ်တစ်ရာကျော်အထိ ဖြစ်ပွားခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ဘာကြောင့်ဒီလိုဖြစ်ခဲ့ရတာလဲ။ တိုးတက်တဲ့နိုင်ငံကြီးတွေမှာလို ဓာတ်အားစနစ် တည်ငြိမ်မှုရှိအောင် မလုပ်နိုင်ဘူးလားဆိုတဲ့ မေးခွန်းရဲ့အဖြေဟာ ဒီနေ့ ပြည်သူ့အများသိလိုသော၊ မျှော်လင့်နေသော အဖြေဖြစ်ပါတယ်။ ဓာတ်အားစနစ်တစ်ခုမှာ ဓာတ်အားထုပ်လုပ်ရေး (Generation) ကို တာဝန်ယူထားရတဲ့ ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့သုံး၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတွေရှိသလို ဓာတ်အားသယ်ပို့ခြင်း (Transmission) ကို တာဝန်ယူထားရတဲ့ ၂၃၀ ကေဗီ၊ ၁၃၂ ကေဗီဓာတ်အားလိုင်းတွေနဲ့ ပင်မဓာတ်အားခွဲရုံကြီးတွေရှိပြီး ဓာတ်အားဖြန့်ဖြူးခြင်း (Distribution) ဆိုတဲ့ လုပ်ငန်းကို တာဝန်ယူထားရတဲ့ကဏ္ဍမှာတော့ ဓာတ်အားဖြန့်ဖြူးရေး ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းတွေရှိပါတယ်။

ဒီကဏ္ဍသုံးခုဟာ ရင်းနှီးမြှုပ်နှံမှုအပိုင်း၊ တည်ဆောက်မှုအပိုင်းနှင့် မောင်းနှင်ရေးကအစ ဟန်ချက်ညီနေရမယ့် ထောက်တိုင်တွေဖြစ်ပါတယ်။ ဒီလို ဟန်ချက်ညီနေတဲ့ ဓာတ်အားစနစ်မှာ ထောက်တိုင်တစ်ခု လဲသွားရင်ပြဿနာ မဖြစ်ပေမယ့် ကျန်တဲ့ထောက်တိုင်တွေပါ ဆက်ပြိုလာရင်တော့ နောက်ဆုံးမှာ အားလုံးပြိုလဲသွားတဲ့ အဆောက်အအုံလို ဓာတ်အားစနစ်ကြီးဟာ Grid Collapse ပြိုလဲသွားကြတော့တာပါပဲ။

ဒီနေ့ မြန်မာနိုင်ငံမှာ စုစုပေါင်းလျှပ်စစ်တပ်ဆင်မှုအင်အား စုစုပေါင်း ၄၉၄၁ မဂ္ဂါဝပ်ရှိရာမှာ ရေအားလျှပ်စစ်က ၃၁၈၁ မဂ္ဂါဝပ်(၆၄ ဒသမ ၄ ရာခိုင်နှုန်း)၊ သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်က ၁၆၄၀ မဂ္ဂါဝပ်(၃၃ ဒသမ ၂ ရာခိုင်နှုန်း)၊ ကျောက်မီးသွေးသုံးလျှပ်စစ်က ၁၂၀ မဂ္ဂါဝပ် (၂ ဒသမ ၄ ရာခိုင်နှုန်း)ရှိကြောင်း သိရပါတယ်။ ဒါပေမယ့် အခုလိုနွေရာသီမှာ ရေအားစက်ရုံတွေက ရေနည်းပါး၊ သဘာဝဓာတ်ငွေ့စက်ရုံနဲ့ ကျောက်မီးသွေးစက်ရုံတွေကလည်း စွမ်းရည်ပြည့်မလည်နိုင်တော့ မဂ္ဂါဝပ် ၂၀၀၀ ကျော်ကို မနိုင်မနင်းပေးနေရတဲ့ သဘောပါ။ ပေါင် ၁၅၀ ကျော်လေးတဲ့ ဆန်အိတ်ကို မနိုင်မနင်းထမ်းပြေးနေရတဲ့ လူတစ်ယောက်လိုဖြစ်နေပြီး ခလုတ်တစ်ခုတိုက် ဟန်ချက်ပျက်တာနဲ့ ဆန်အိတ်ကို ဘုန်းခနဲပစ်ချလိုက်သလိုမျိုး system breakdown ဖြစ်သွားတော့တာပါပဲ။

ဓာတ်အားစက်ရုံတွေမှာရော၊ ဓာတ်အားလိုင်းကြီးတွေမှာရော၊ ဓာတ်အားဖြန့်ဖြူးရေးစနစ်တွေမှာရော ကာကွယ်ရေးစနစ် (protection system) တွေ အများကြီးရှိပါတယ်။ ဒီကာကွယ်ရေးစနစ်တွေနဲ့ ဓာတ်အားပေးစနစ်ကြီးရဲ့ ဗိသုကာ (System Architect)များက ဓာတ်အားစနစ်ဒီဇိုင်း (System Design) တို့ကို စနစ်တကျရေးဆွဲခဲ့မှုနှင့် အကောင်အထည်ဖော်မှုအပိုင်းမှာလည်း တိုင်းပြည်ရဲ့ ပထဝီပြင်အနေအထား၊ လူတွေရဲ့သုံးစွဲမှုပုံသဏ္ဌာန်ပေါ်တွေနဲ့ လိုက်လျောညီထွေရှိကြရမှာပါ။ တောရွာမှာ တောသူကြီးအိမ်ချဲ့သလို သားသမီးတစ်ယောက် အိမ်ထောင်ကျရင် အဖီလေးထိုးပေးလိုက်၊ နောက်တစ်ယောက် အိမ်ထောင်ကျရင် နောက်အဖီလေးဆွဲသလိုမျိုးလုပ်ရင်တော့ သားသမီးတွေများလာရင် ပြဿနာများလာပြီး နောက်ဆုံးဖြေရှင်းမရဖြစ်သလိုမျိုး မြန်မာပြည် ဓာတ်အားစနစ်ကြီးကိုလည်း ဖြစ်လာတဲ့ပြဿနာတွေကို ရေတိုနည်းတွေနဲ့ ဖြစ်သလိုဖြေရှင်းလာခဲ့တော့ ကြာလာလေ ဖြေရှင်းမရဖြစ်လာလေဆိုတာမျိုး ဖြစ်လာတော့တာပဲ။ ဒီတော့ အရှိကိုအရှိအတိုင်းလက်ခံပြီး ကုစားဖို့လိုပါတယ်။ ဓာတ်အားစနစ်ရဲ့ ဖရိကွမ်စီတို့၊ ဗို့အားတို့ကို ဖြစ်သင့်တာထက်လျော့ပြီး မောင်းပေးနေရတဲ့အဖြစ်က ရုန်းထွက်ဖို့လိုပါတယ်။ နှစ်စဉ်တိုးမြင့်လာတဲ့ ဓာတ်အားလိုအပ်ချက်ကိုပြည့်မီအောင် ထုတ်လုပ်ရေးအပိုင်းတိုးမြှင့်ရေးကို ဂရုတစိုက်ဆောင်ရွက်ဖို့လိုသလို System Design ကိုလည်း ပြန်လည်ဆန်းစစ်ပြီး ပြင်ဆင်ရေးဆွဲဖို့လိုပါတယ်။ ဒီလိုမှ မလုပ်နိုင်ရင်တော့...

တောရွာမှာ တောသူကြီးအိမ်ချဲ့သလို သားသမီးတစ်ယောက် အိမ်ထောင်ကျရင် အဖီလေးထိုးပေးလိုက်၊ နောက်တစ်ယောက် အိမ်ထောင်ကျရင် နောက်အဖီလေးဆွဲသလိုမျိုးလုပ်ရင်တော့ သားသမီးတွေများလာရင် ပြဿနာများလာပြီး နောက်ဆုံးဖြေရှင်းမရဖြစ်သလိုမျိုး မြန်မာပြည် ဓာတ်အားစနစ်ကြီးကိုလည်း ဖြစ်လာတဲ့ပြဿနာတွေကို ရေတိုနည်းတွေနဲ့ ဖြစ်သလိုဖြေရှင်းလာခဲ့တော့ ကြာလာလေ ဖြေရှင်းမရဖြစ်လာလေဆိုတာမျိုး ဖြစ်လာတော့တာပဲ။ ဒီတော့ အရှိကိုအရှိအတိုင်းလက်ခံပြီး ကုစားဖို့လိုပါတယ်။ ဓာတ်အားစနစ်ရဲ့ ဖရိကွမ်စီတို့၊ ဗို့အားတို့ကို ဖြစ်သင့်တာထက်လျော့ပြီး မောင်းပေးနေရတဲ့အဖြစ်က ရုန်းထွက်ဖို့လိုပါတယ်။ နှစ်စဉ်တိုးမြင့်လာတဲ့ ဓာတ်အားလိုအပ်ချက်ကိုပြည့်မီအောင် ထုတ်လုပ်ရေးအပိုင်းတိုးမြှင့်ရေးကို ဂရုတစိုက်ဆောင်ရွက်ဖို့လိုသလို System Design ကိုလည်း ပြန်လည်ဆန်းစစ်ပြီး ပြင်ဆင်ရေးဆွဲဖို့လိုပါတယ်။ ဒီလိုမှ မလုပ်နိုင်ရင်တော့...

ထမ်းပြေးနေရတဲ့ လူတစ်ယောက်လိုဖြစ်နေပြီး ခလုတ်တစ်ခုတိုက် ဟန်ချက်ပျက်တာနဲ့ ဆန်အိတ်ကို ဘုန်းခနဲပစ်ချလိုက်သလိုမျိုး system breakdown ဖြစ်သွားတော့တာပါပဲ။

ဓာတ်အားစက်ရုံတွေမှာရော၊ ဓာတ်အားလိုင်းကြီးတွေမှာရော၊ ဓာတ်အားဖြန့်ဖြူးရေးစနစ်တွေမှာရော ကာကွယ်ရေးစနစ် (protection system) တွေ အများကြီးရှိပါတယ်။ ဒီကာကွယ်ရေးစနစ်တွေနဲ့ ဓာတ်အားပေးစနစ်ကြီးရဲ့ ဗိသုကာ (System Architect)များက ဓာတ်အားစနစ်ဒီဇိုင်း (System Design) တို့ကို စနစ်တကျရေးဆွဲခဲ့မှုနှင့် အကောင်အထည်ဖော်မှုအပိုင်းမှာလည်း တိုင်းပြည်ရဲ့ ပထဝီပြင်အနေအထား၊ လူတွေရဲ့သုံးစွဲမှုပုံသဏ္ဌာန်ပေါ်တွေနဲ့ လိုက်လျောညီထွေရှိကြရမှာပါ။ တောရွာမှာ တောသူကြီးအိမ်ချဲ့သလို သားသမီးတစ်ယောက် အိမ်ထောင်ကျရင် အဖီလေးထိုးပေးလိုက်၊ နောက်တစ်ယောက် အိမ်ထောင်ကျရင် နောက်အဖီလေးဆွဲသလိုမျိုးလုပ်ရင်တော့ သားသမီးတွေများလာရင် ပြဿနာများလာပြီး နောက်ဆုံးဖြေရှင်းမရဖြစ်သလိုမျိုး မြန်မာပြည် ဓာတ်အားစနစ်ကြီးကိုလည်း ဖြစ်လာတဲ့ပြဿနာတွေကို ရေတိုနည်းတွေနဲ့ ဖြစ်သလိုဖြေရှင်းလာခဲ့တော့ ကြာလာလေ ဖြေရှင်းမရဖြစ်လာလေဆိုတာမျိုး ဖြစ်လာတော့တာပဲ။ ဒီတော့ အရှိကိုအရှိအတိုင်းလက်ခံပြီး ကုစားဖို့လိုပါတယ်။ ဓာတ်အားစနစ်ရဲ့ ဖရီကွမ်စီတို့၊ ဗို့အားတို့ကို ဖြစ်သင့်တာထက်လျော့ပြီး မောင်းပေးနေရတဲ့အဖြစ်က ရုန်းထွက်ဖို့လိုပါတယ်။ ဓာတ်အားစနစ်ထိန်းချုပ်မှုဒီဇိုင်းကို ပြန်လည်ဆန်းစစ်ရေးဆွဲပြီး Grid Code လို့ခေါ်တဲ့ ဓာတ်အားကွန်ရက်တွင် လိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာပါက အနာဂတ်တွင် system breakdown ဖြစ်ပွားမှုဟာ နိုင်ငံတကာမှာလို ဆယ်စုနှစ်တစ်ခုတွင် တစ်ကြိမ်ခန့်သာ ဖြစ်ပွားသည်အထိ တည်ငြိမ်မှုရှိသွားနိုင်မည်ဟု ယူဆပါကြောင်း တင်ပြအပ်ပါသည်။ ။

အသက်ရာကျော် ဘိုးဘွားကန်တော့ပွဲ ပြုလုပ်ရန် အသက်(၁၀၀)အထက် ဘိုးဘွားများ စာရင်းစတင်ပေးပို့နိုင်

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့မှ (၁၂) ကြိမ်မြောက် အသက်ရာကျော်ဘိုးဘွားများအားပူဇော်ကန်တော့ပွဲပြုလုပ်မည်ဖြစ်၍မြန်မာနိုင်ငံတစ်ဝန်းရှိ အသက် (၁၀၀)အထက် ဘိုးဘွားများ အပူဇော်ခံလိုပါက အဘိုးအဘွားများ၏ မိသားစု၊ အနီးကပ်စောင့်ရှောက်နေသောမိသားစုမှ လိုအပ်သော အချက်အလက်များ ပြုစုကာ စာရင်းပေးပို့နိုင်ကြောင်း မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်မျိုးမင်းက ပြောသည်။

အသက်ရာကျော် ဘိုးဘွားကန်တော့ပွဲကို ဇွန်လ ၂၅ ရက်တွင် မင်္ဂလာဗျူဟာပရဟိတအဖွဲ့ မင်္ဂလာဗျူဟာ အသင်းချုပ် အာဇာနည်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကာ စာရင်းပေးပို့လိုသူများအနေဖြင့် ဘိုးဘွားများ၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူတစ်စောင်၊ သန်းခေါင်စာရင်း မိတ္တူတစ်စောင်၊ သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ အသက်ရှင်လျက်ရှိကြောင်း ထောက်ခံချက်မူရင်း တစ်စောင်၊ ဘိုးဘွားများ၏ ၄ × ၆ လက်မ အရွယ်ဓာတ်ပုံတစ်ပုံ၊ ကိုယ်စားလှယ်ပရဟိတအဖွဲ့မှ ပြန်ကြားရမည့် နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ဇွန်လ ၁၅ ရက် နောက်ဆုံးထားပေးပို့နိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အသက် (၈၀) မှ (၉၀) ဝန်းကျင် သက်ကြီးရွယ်အိုများမှာ နှစ်စဉ်များပြားလာကာ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ လူလေးဦးတွင် တစ်ဦးနှုန်းမှာ အသက် (၆၀)နှင့်အထက်များ ဖြစ်လာနိုင်ကြောင်း သန်းခေါင်စာရင်းများအရ သိရသည်။

"အခု အသက်ရာကျော် ဘိုးဘွားကန်တော့ပွဲအတွက် ဘိုးဘွားစာရင်း ၃၀ ကျော် ရထားတယ်။ အသက်ရာကျော် ဘိုးဘွားစာရင်းတွေကို ကျွန်တော်တို့အနေနဲ့ လိုက်လံ စာရင်းကောက်နေသလို လာရောက်ပြီးတော့လည်း စာရင်းပေးကြပါလို့ ပြောချင်ပါတယ်"ဟု ၎င်းကပြောသည်။

(၁၂) ကြိမ်မြောက် အသက်ရာကျော်ဘိုးဘွားကန်တော့ပွဲတွင် ဘိုးဘွားတစ်ဦးလျှင် ကျပ်ငါးသောင်းနှုန်း ကန်တော့ရန်စီစဉ်ထားကာ အလှူငွေရရှိမှုပေါ်မူတည်ပြီး ထပ်မံတိုးမြှင့်သွားရန်ရှိကြောင်း သိရသည်။ (၁၀) ကြိမ်မြောက် ကျင်းပခဲ့သော ရာကျော်ဘိုးဘွားကန်တော့ပွဲတွင် ဘိုးဘွားဦးရေ ၁၀၈ ဦး၊ (၁၁) ကြိမ်မြောက်တွင် ၈၆ ဦး ရှိခဲ့ကြောင်း သိရသည်။ အသက်ရာကျော် အဘိုးအဘွားများအားလျှဖွယ်ဝတ္ထုအစုစုနှင့် ငွေသားများလျှဒါန်းလိုပါက မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ ဖုန်း ၀၁- ၃၇၀၉၅၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(ရဲ၀င်း)**

ပြည်သူ့သဘောထားစင်မြင့်

တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)

လက်လှမ်းမီရာ အလိုက်သင့် လွယ်လွယ်မြန်မြန်နဲ့ သက်သောင့်သက်သာ

သင့်နော်

ဝေဝေ့လက်ထဲမှာ အသင့်စားခေါက်ဆွဲခြောက်ထုပ်ကို ဖောက်လျက်သားတွေ့ရတယ်။ ပြုတ်ပြီးမှစားရမယ့် ခေါက်ဆွဲခြောက်တွေကို ဝေဝေက သည်အတိုင်းအထုပ်ထဲမှာတင် ခြေမွှပြီး အရသာမှုန့်တွေဖြူး၊ အဆီတွေ ညှစ်ထည့်လို့ သရေစာစားသလို တကြွပ်ကြွပ်နဲ့ ဝါးနေလေရဲ့။ ဒီမြင်ကွင်းမျိုး ရိုးဟိုးဟိုး နေပါပြီကွာ ဆိုရလောက်အောင် တွေ့ဖူးပြီးသားဖြစ်နေကြမှာပါ။ ကလေးတော်တော်များများ အဲဒီဒီဇိုင်းအတိုင်း ခေါက်ဆွဲခြောက်ထုပ်တွေကို စားနေကြတာ နေရာအနှံ့မှာ။ အဆာပြေလိုလို အာသာပြေလိုလိုပေါ့။

အဲဒါနဲ့ ဝေဝေ့ကို ဒီလိုခေါက်ဆွဲမျိုးဆိုတာ ရေနဲ့ဆူအောင်ပြုတ်ပြီးမှ စားဖို့၊ ပါလာတဲ့အရသာမှုန့်တွေ၊ အဆီအနှစ်တွေဆိုတာကိုလည်း ပြုတ်ပြီးသားခေါက်ဆွဲနဲ့ သမအောင်ရောမွှေပြီးမှသာ စားဖို့ ဒီအတိုင်း သူတို့ချည်းသက်သက် ရေနဲ့ဆူအောင် မပြုတ်ဘဲစားတာဟာ အလွန်အန္တရာယ်များတဲ့အကြောင်းပြောတော့ ဝေဝေ့ခမျာ မျက်လုံးအဝိုင်းသားနဲ့. . ။

ဟုတ်ကဲ့ ဝေ့ဝေ့လိုကလေးတွေကျောင်းမှာ၊ စျေးမှာ၊ အရပ်ထဲမှာ အများကြီးပါ။ ခေါက်ဆွဲထုပ်တစ်မျိုးတည်း မဟုတ်ဘူးနော်။ Coffee Mix တွေကိုလည်း လျက်ဆားလျက်သလို လျက်နေကြသူတွေ အထူးသဖြင့် ကလေးတွေကို တွေ့တွေ့နေရတယ်။ ကျူရှင်တွေမှာ၊ ကစားကွင်းတွေမှာ၊ လူစုစုရှိတတ်တဲ့ နေရာတွေမှာ။ ဒါမျိုးကို မြင်ရင်တွေ့ရင် သိတဲ့သူတွေက တားဖို့လိုတယ်။ ခြေခြေမြစ်မြစ်ပြောပြဖို့ လိုတယ်။ လိုက်နာတာ၊ မလိုက်နာတာက သူ့ကိစ္စလို့ပဲ ထားပါတော့။ နားလည်အောင်ရှင်းပြဖို့က ကိုယ့်တာဝန်။ မသိလို့ ဒီလိုဒီဇိုင်းဖြစ်နေတာ။ သိရင် သူဆင်ခြင်မယ်။ ပြောပြရှင်းပြစေချင်တယ်။

ဒီလို အသင့်ဖောက်စားနိုင်အောင် ပြင်ဆင်ပေးထားတဲ့ အစားအသောက်တွေမှာ အဓိကအကျဆုံးကိစ္စက ကြာရှည်ခံအောင် ပြုပြင်စီမံဖန်တီးထားတဲ့ကိစ္စပါပဲ။ အစားအစာ၊ စားစရာတစ်ခုခုကို မပျက်စီးအောင်၊ ကြာကြာခံအောင် စီစဉ်ကြတဲ့အခါ မူလအခြေအနေ သဘာဝအတိုင်းမဟုတ်သည့်တိုင် အနီးစပ်ဆုံးအဆင့်ရောက်အောင် လုပ်ကြတယ်။ အဆင်သင့် ခုချက်ချင်း မြန်မြန်ဆန်ဆန် စားလို့ရအောင်ဆိုရင်လည်း ထပ်ဆင့်ပြင်ဆင်တာတွေ လုပ်ထားပေးရတာပေါ့။

နည်းပညာလိုတယ်။ ခေါက်ဆွဲခြောက်တွေကို ပွက်ပွက်ဆူနေတဲ့ ရေနဲ့ပြုတ်ပစ်လိုက်မှ ပြုပြင်စီမံထည့်သွင်းထုတ်လုပ်ထားတဲ့တစ်စုံတစ်ခု လျော့သွားမယ်၊ ပြယ်သွားမယ်၊ အားနည်းသွားမယ်၊ ပျက်စီးသွားမယ်။ ပွက်ပွက်ဆူနေတဲ့ ရေထဲမှာ အချိန်ကြာကြာလေးစိမ်ထားပါမှ စီမံထားတဲ့ ခေါက်ဆွဲနဲ့ပတ်သက်တဲ့တစ်စုံတစ်ခုသော ပါဝင်မှုတွေက ရေပူနဲ့ဓာတ်ပြုပြီး လွင့်ပြယ်သွားနိုင်တယ်။ အဲဒီအနေအထားရောက်မှ ပါးစပ်ထဲကို သွင်းရမှာပါ။ ပူးတွဲပါ အရသာမှုန့်တွေ၊ အဆီအနှစ်ထုပ်တွေဟာလည်း Concentration မြင့်လွန်းလှတယ်။ ရေနဲ့ဖျော်လိုက်ပါမှ ပြင်းအားတွေ ပြယ်သွားကြတာ။

အထုပ်ဖောက်ပြီး ဒီတိုင်းဝါးနေလို့ကတော့ တကယ့် Heavy ပဲ။ အပြင်းစားတွေချည်းပဲ။ အစာအိမ်ထဲတိုက်ရိုက် ဆင်းချသွားတာ။ မသက်သာဘူး။ ဓာတ်သီသူတွေ၊ နားလည်သူတွေ၊ ဆရာဝန်တွဆိုရင် ကြက်သီးဖျန်းဖျန်းထကြပေလိမ့်မယ်။ ကြောက်စရာကြီးပေါ့။ အဲဒီလို ကြာရှည်ခံအောင်၊ အဆင်သင့်လွယ်လွယ်စားနိုင်အောင်ဖန်တီးပြုပြင်ထားတဲ့ အစားအသောက်အများစုဟာ ကင်ဆာကို အားပေးတတ်တယ်ဆိုတာ သူတို့က သိနေတာကိုး။ နောက်ထပ် ဘာမှမလုပ်ဘဲ သူ့အတိုင်း ဝေဝေ့လိုဝါးစားနေတာမျိုးဟာ အလေ့အထဖြစ်သွားလို့ကတော့ ပြီးကြပါလေရော။ ရောဂါတစ်ခုခုကိုဝမ်းပိုက်ထဲမရောက်ရောက်အောင် တိုက်ရိုက်သွတ်သွင်းနေတာမျိုးပေါ့။

ကြာရှည်ခံအလွယ်စားရအောင် ပြုပြင်ထားတာတွေကို တတ်နိုင်သလောက်ရှောင်ကြဖို့ ဆရာဝန်တွေက ညွှန်ကြားထားပြီးသားပါ။ ကျပ်တင်ထားတဲ့ အစားအစာတွေလည်း တူတူပဲ။ ဆီတွေနဲ့ နစ်နေအောင်ကြော်ထားတာမျိုးတွေ။ အသားငါးအစိမ်းတွေကို မီးကျီခဲရဲရဲနဲ့ ကင်ထားတာတွေ။ ဆားနယ်ထားတာတွေ၊ အခြောက်လှန်းထားတာတွေ၊ မှိုနဲ့ မလွတ်ကင်းတာတွေ အဲဒါတွေမှာ HAA လို့ ခေါ်တဲ့ Heterocyclic Aromatic Amines တွေပါတယ်။ ဒီဓာတ်ပြုပစ္စည်းတွေက ကင်ဆာကို လှုံ့ဆော်နိုင်စွမ်းမြင့်သတဲ့လေ။ အမျိုးမျိုးသောကင်ဆာတွေအတွက် လမ်းဖွင့်ပေးနေတဲ့သဘောပေါ့။ နောက်တစ်မျိုးကျန်သေးတယ်။ သူကတော့ Polycyclic Aromatic Hydrocarbon PAH တဲ့။ သူကလည်း ခုနကလိုပဲ။ အကင်စာတွေ၊ အသားငါးကို ကင်စားရင်၊ ကြပ်ခိုးစင်ပေါ်မှာ အခြောက်ခံထားတာတွေကိုစားရင် အဲဒီဓာတ်တွေ ရောပြွမ်းနေတာကြောင့် သူတို့ကလည်း ကင်ဆာဖြစ်အောင် တွန်းအားပေးနိုင်ကြသတဲ့လေ။

အချုပ်ကတော့ တတ်နိုင်သမျှ လတ်လတ်ဆတ်ဆတ်ကိုပဲ စားကြမယ်လေ။ အန္တရာယ်ကင်းမယ်လေ။ မှိုတက်နေတာမျိုးတွေ၊ မီးကျွမ်းနေတာမျိုးတွေ၊ တူးခြစ်နေတာမျိုးတွေက ဒုက္ခပေးတတ်တယ်။ အမှုမဲ့အမှတ်မဲ့နဲ့ ဒုက္ခများသွားမယ်လေ။ ကင်ဆာအဖုအကျိတ်တွေကို အားပေးနေတဲ့ ကိစ္စတွေပေါ့။ ခုကာလက စားစရာအမျိုးမျိုးကို နည်းပညာ၊ အတတ်ပညာပေါင်းစုံနဲ့ စားချင့်စဖွယ်ဖြစ်အောင်၊ လက်လှမ်းတမီရှိအောင်၊ အဆင်သင့်ချက်ချင်း စားလို့ရအောင် စီမံပေးထားတာ၊ ဆွဲဆောင်မှုအမျိုးမျိုးနဲ့ ချဉ်းကပ်လာတာ ဘာစားချင်လဲ၊ ဘာသောက်ချက်သလဲ လက်တစ်ကမ်းမှာ။ on the Spot။ ၃ မိနစ်ပဲစောင့်။ အစားအသောက် အစိုအခြောက် အရည်အဖတ် အမျိုးစုံထွန်းကားနေတဲ့ ခေတ်ကာလ ပြည်တွင်း၊ ပြည်ပ စားစရာ၊ ဝါးစရာအပြည့်အဝ။ One Stop Service ရနေတဲ့အနေအထား။ လွယ်လွန်းလို့ မှားမှာစိုးနေရတယ်လေ။

မြို့ပြမှာတော့ ရှောင်မလွတ်လောက်အောင် နေရာအနှံ့ စားစရာသောက်စရာက အသင့်ရှိနေပြန်တယ်။ လမ်းဘေး ပလက်ဖောင်းပေါ်မှာ၊ စတိုးဆိုင်မှာ၊ Team Centre မှာ၊ Food Court မှာ၊ Mart မှာ၊ Plaza မှာ . . . ကြိုက်တာကောက်ယူလိုက်ရုံပဲ။ စျေးမှာ ကျောင်းမှာ၊ ရုံးမှာ၊ ရိပ်သာမှာ၊ Bus Stand မှာ၊ Condo မှာ. . . ။ အစားအသောက်တွေဟာ တစ်နေ့တစ်မျိုး မရိုးရလောက်အောင် အပြိုင်အဆိုင် အပြိုင်းအရိုင်းထုတ်လုပ်၊ တင်ပို့၊ ဖြန့်ချိ ရောင်းချခင်းကျင်းထားကြတာဟာ စားသုံးသူ သက်သာဆိုရင် အပြိုင်အဆိုင် အားပေးကြတော့တာပါပဲ။ ကင်ချီဆိုလဲ လာခဲ့၊ ဆူရှီဆိုလဲလာခဲ့၊ ပဲခေါက်ဆွဲလဲဟဲမှာပဲ။ အသားတုအသားစစ် ဘာသားမှန်းသေသေချာချာမသိပေမယ့် ဝါးလို့ကောင်းတယ်ဆိုရင် ဝိုင်းဝိုင်းလည်နေကြတာမဟုတ်လား။ အမျိုးအမည်မသိတဲ့ အသားပေါင်းစုံကို ညက်ညက်ကြေအောင်လုပ်ပြီး အနံ့ထည့်၊ အရသာထည့် အေးခဲပြုပြင် ကင်၊ ကျော် အချဉ်ရည်နဲ့တို့စားစားတာပဲ။ ဘာသားမှန်းလဲမသိ၊ ဘယ်လိုထုတ်လုပ်ထားမှန်းမသိ၊ ဘာတွေရောထားမှန်းမသိ eat လိုက်တာပဲ။ လွယ်တယ်။ ဘာမဆိုသူများမစားဖူးသေးတာ ငါဦးဆုံး စစားတယ်ဆိုတာမျိုးကို ဂုဏ်ယူချင်ကြသူတွေအများကြီးဗျာ။ ဘယ်နှယ့်လုပ်မှာတုံး။

တွေ့ဖူးကြမှာပါ။ တစ်ပိုင်တစ်နိုင် လမ်းဘေးက အကင်ဆိုင်တွေ။ GAS မီးဖိုလေးနဲ့။ ကျောင်းနားနီးနီး၊ စျေးနားနီးနီး၊ ကားဂိတ်ဘူတာရုံ သင်္ဘောဆိပ်၊ ဘုရား၊ ကဇာတ်ရုံ၊ သင်တန်းခန်းမတစ်ခုခု အနီးအနားတစ်နေရာမှာ အရိပ်တစ်ခုခုကို ခိုလို့၊ အရိပ်တစ်ခုခုကို ဖန်တီးလို့ သီတံလေးနဲ့။ ငါးဆုပ်လုံးလိုလို၊ အသားမျှင်လိုလို၊ ကြက်အူချောင်း၊ ဝက်အူချောင်းလိုလို၊ ငုံးဥလိုလို. . . အသားလုံးလေးတွေစသဖြင့် အသင့်ယူပြီး ပါးစပ်ထဲထည့်ဝါးလို့လွယ်အောင်၊ မြန်မြန်စားလို့ရအောင်။

အသင့်ဖောက်စားနိုင်အောင် ပြင်ဆင်ပေးထားတဲ့အစားအသောက်တွေမှာ အဓိကအကျဆုံးကိစ္စက ကြာရှည်ခံအောင်ပြုပြင်စီမံဖန်တီးထားတဲ့ ကိစ္စပါပဲ။ အစားအစာ၊ စားစရာတစ်ခုခုကို မပျက်စီးအောင်၊ ကြာကြာခံအောင် စီစဉ်ကြတဲ့အခါ မူလအခြေအနေသဘာဝအတိုင်း မဟုတ်သည့်တိုင် အနီးစပ်ဆုံးအဆင့်ရောက်အောင် လုပ်ကြတယ်။ အဆင်သင့် ခုချက်ချင်း မြန်မြန်ဆန်ဆန်စားလို့ရအောင်ဆိုရင်လည်း ထပ်ဆင့်ပြင်ဆင်တာတွေ လုပ်ထားပေးရတာပေါ့။

ရေရှည်မှာ ဒုက္ခပေးမယ့်ဟာတွေ ဘယ်လောက်များများပါနေသလဲဆိုတာ ဘယ်သူမှ မသိပါဘူး။ ကြာရှည်ကြာများ စားမိလို့ကတော့ ဒုက္ခနဲ့ လှလှနဲ့တွေ့. ကြရပေလိမ့်မယ်ဗျား။

အစားမတော်တစ်လုပ်ဆိုတာက စားပြီးနှင့်မှာကို ပြောတာမဟုတ်ဘူး။ မတည့်တာကိုစားမိမှာစိုးလို့ ပြောတာ။ မြင်ရင် စားချင်စိတ်ပေါ်လာမယ် စားလိုက်ရရင် သိပ်ကောင်းမှာပဲလို့ ထင်တယ်။ ၅၀၊ ၁၀၀ ဆိုတော့ ကောက်ဝါးမိမယ်။ လွယ်လွယ်နဲ့ ဝယ်လို့ရတာမျိုး။ အချို့သော အိမ်ရှင်မတွေက မီးဖိုချောင်မဝင်တော့ဘူး။ ကလေးတွေကို အသားကင်တစ်မြှောင်း၊ အသားချောင်းတစ်ချောင်း၊ အသားလုံး တစ်လုံး၊ ဟင်းအနေနဲ့ ပန်းကန်ထဲထည့်ပေးလိုက်တယ်။ ဒါပဲလောက်အောင်စား။ အဲဒီလိုနဲ့ အသင့်စားကြာရှည်ခံပြုပြင်ထားတဲ့ အမျိုးအမည်ရေရေရာရာမသိ။ ဘယ်ကလာလို့ လာမှန်းမသိတဲ့ စားစရာ ဝါးစရာတွေဟာ ဒီကနေ့ မြို့ပြက လူပုဂ္ဂိုလ်တွေကြားထဲမှာ ဖောဖောသီသီလွယ်လွယ်ကူကူ နီးနီးနားနားမှာ ရောက်နေလေရဲ့။ အခုစား အခုချက်ချင်း အဆိပ်မိသလို တုံးခနဲ လဲကျသွားတာမျိုး မဟုတ်လေတော့ သိပ်လည်း မကြောက်ကြဘဲ လွယ်လွယ်ကောက်ဝါးကြ၊ ဝင်စားကြနဲ့ ဓလေ့တစ်ခုလိုဖြစ်ထွန်းနေတယ်။ ရေရှည်မှာ ဆိုးကျိုးသေချာပေါက်ရစေမယ့် ကိစ္စဟာ ဆင်ခြင်ပြီးမှ သိကြရတာကြောင့် အလေးအနက် မထားတတ်ကြတာကို သတိပေးလို့ ရသူတွေက သတိပေးနိုင်ပါမှ ဆိုးကျိုးသက်သာမှာ။

အရောင်(ဆိုးဆေး)ပါတဲ့ အစားအသောက်တွေ။ သဘာဝအတိုင်း မဟုတ်ဘဲ ပြုပြင်စီရင်ထားတဲ့ အစားအသောက်တွေ။ ကြာရှည်ခံအောင် တစ်ခုခုရောနှောဖော်စပ်ထည့်သွင်းထားတဲ့ စားစရာသောက်စရာတွေ။ အနံ့အတွက်၊ အရသာအတွက် တစ်ခုခုဖြည့်စွက်မွမ်းမံထားတဲ့ အစားအသောက်တွေ(ဥပမာ နို့မှုန့်ထဲ မယ်လမင်းရောတာမျိုး)ဆိုတာဟာ စားသောက်မိသူတွေအတွက် ကောင်းကျိုးထက် ဆိုးကျိုးကို ပိုရစေမှာ သေချာတယ်။ ချက်ချင်းလက်ငင်း တန်ခိုးမပြသည့်တိုင် ကြာရှည်ကြာများတဲ့ အခါ Resitual အနေနဲ့ ခန္ဓာကိုယ်ထဲမှာ ခိုအောင်းနေပြီး ထုပ်ထုပ်ပိုက်ပိုက်ဖြစ်လာတော့မှ ပြဿနာတတ်မှာ။

အထူးသဖြင့် ဖြစ်တတ်တာက ငါးတကာ ယိုတဲ့ချေးလိုပဲ။ နောက်ဆုံးဆုံမှတ်ဟာ ကင်ဆာပေါ့။ ဘာပဲဖြစ်ဖြစ် ကင်ဆာဆီကိုပဲ ဦးတည်တယ်။ အစားအသောက်မှာ တွေ့ရာမြင်ရာ လွယ်ရာ ပေါများရာကိုအလွယ်လိုက်ပြီး မစားကြဖို့ လိုတယ်။ ရသတဏှာဆိုတာက တစ်မျိုး။ ချိုချိုသာသာရတာကြောင့် ဆိုတာက တစ်မျိုး။ လွယ်လွယ်နဲ့ကိစ္စပြီးလို့ ဆိုတာက တစ်မျိုး။ ကိုယ့်ဝမ်းပိုက်ထဲ ဘာတွေရောက်သွားတာလည်းဆိုတာ စဉ်းစားကြရအောင်။ လျှာရင်းမြက်အောင် ဘာဟင်းချက်ရမလည်းလို့ မစဉ်းစားဘဲ ကြံ့ရာနီးရာ လွယ်ရာ သက်သာရာတွေနဲ့ပဲ စခန်းသွားမနေကြနဲ့ဦး။ ။

မြန်မာ- အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်အကြား စစ်ဘက်ဆက်ဆံရေးဆွေးနွေး

နေပြည်တော် မေ ၂၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီတို့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ နိုင်ငံငြိမ်းချမ်းရေးအတွက် ၂၁ ရာစု ပင်လုံညီလာခံကျင်းပနိုင်ရေး၊ လက်ရှိနိုင်ငံတော်အစိုးရနှင့် တပ်မတော်ဆက်ဆံရေး၊ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်အကြား စစ်ဘက်ဆက်ဆံရေး၊ အာဆီယံနှင့် ပတ်သက်သည့် ဒေသတွင်းဆက်ဆံရေးအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မစ္စတာ ဂျွန်ကယ်ရီက မြန်မာနိုင်ငံ၏ သမိုင်းဝင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၌ တပ်မတော်အနေဖြင့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ အသွင်ကူးပြောင်းရေးလုပ်ငန်းများ ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ပြီးမြောက်စေရေးတို့ကို ကြိုတင်ပြောကြားခဲ့သည့်အတိုင်း အောင်မြင်စွာ လုပ်ဆောင်နိုင်သည့်အတွက် ချီးကျူးဂုဏ်ပြုကြောင်း၊ ယင်းသို့ဆုံးဖြတ်လုပ်ဆောင်ခြင်းဖြင့် နိုင်ငံတကာ၏ ယုံကြည်မှုလမ်းကြောင်းပေါ် သို့လည်း မြန်မာနိုင်ငံကို ပို့ဆောင်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖော်ဆောင်မှုကို မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့်အခြေအနေများပေါ်တွင် မူတည်၍ များစွာစဉ်းစားလုပ်ဆောင်ရကြောင်း၊ နိုင်ငံ၏သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာ၊ ပထဝီနိုင်ငံရေးအနေအထားများနှင့် ကိုက်ညီသည့် နိုင်ငံရေးပုံစံဖြင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ တိုင်းရင်းသားလူနည်းစုရေးရာကိစ္စရပ်များနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင်ခွဲခြားဆက်ဆံမှု၊ ဖိနှိပ်ဆက်ဆံမှုများမရှိဘဲ တစ်ပြေးညီ အခွင့်အရေးများပေးထားပြီး တန်းတူညီတူပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်တွင် စ၅ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး အစ္စလာမ်၊ ခရစ်ယာန် အစရှိသည့် အခြားဘာသာဝင်များကိုလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားကြောင်း၊ ဘာသာရေးခွဲခြားမှု မရှိကြောင်း၊ လူအများစု ကိုးကွယ်သည့် ဗုဒ္ဓဘာသာကိုလည်း လေးစားရမည်ဖြစ်ကြောင်း၊ တချို့နိုင်ငံတကာတွင် ပြောဆိုနေကြသည့် အခြေအနေများနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေသည် ကွဲပြားခြားနားမှုရှိကြောင်း ပြောကြားခဲ့သည်။

(မြဝတီ)

ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ၊ ကုန်ပစ္စည်းထုတ်ယူသည့် ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုများရှိနေ

နေပြည်တော် မေ ၂၂

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မေ ၁၈ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၌ ပို့ကုန်သွင်းကုန်ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကုန်သည်လုပ်ငန်းရှင်များတွေ့ကြုံရသည့် အခက်အခဲများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ကုန်သွယ်ရေးနှင့် စီးပွားရေးအထူးလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ပို့ကုန်သွင်းကုန် ဆောင်ရွက်နေသည့် ကုမ္ပဏီများအနေဖြင့် ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ၊ ကုန်ပစ္စည်းထုတ်ယူသည့် ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ လုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိနေကြောင်း သိရှိရ၍ ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းများ အထူးအဖွဲ့အနေဖြင့် သက်ဆိုင်သည့်ဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် ဆိပ်ကမ်းအလိုက် ပိတ်ဆို့နေသည့် ကုန်သေတ္တာထုတ်ယူမှုများအတွက် အထူးကိစ္စအနေဖြင့် ရှင်းလင်းပေးရန် လိုအပ်ကြောင်း၊ လိုအပ်ပါက ၂၄ နာရီ ရှင်းလင်းရေးဌာနအလိုက် ပူးပေါင်းဆောင်ရွက်ပေးရန် ဦးစားပေးညှိနှိုင်းရမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် ဆိပ်ကမ်း ရှင်းလင်းရေးဆိုင်ရာ ကိစ္စများ လျင်မြန်ချောမွေ့စေရေးအတွက် လိုအပ်သည့် စက်ယန္တရားများ ဖြည့်ဆည်းမှု၊ သယ်ယူပို့ဆောင်ရေးယာဉ် ဖြည့်ဆည်းမှု၊ ဌာနအလိုက် ဝန်ထမ်းတာဝန်ချထားမှုများအား စနစ်တကျ စိစစ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ကိစ္စရပ်များအား သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အသင်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ကမ်းနားလမ်းရုံး၌ ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယနိုင်ငံ ဘဂ်လားပြည်နယ် စက်မှုလက်မှုကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ Mr. Ambarish Dasgupta ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ ကုန်သွယ်မှုရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ၂၀၁၆ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၌ ကျင်းပမည့် International Conference on Pulses သို့ မြန်မာ့ကိုယ်စားလှယ်အဖွဲ့ တက်ရောက်နိုင်ရေးတို့အား ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖

လုပ်ငန်းခွင်ဧရိယာအတွင်း ရေယာဉ်များသတိထားမောင်းနှင်ကြရန် ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော BASHNEFT INTERNATIONAL B.V Co. သည် ရောဝတီမြစ်အားဖြတ်သန်း၍ ရွှေတောင်မြို့နယ် (LAT-18 41' 17.73" N, LONG 95 08' 02.72"E) နှင့် ပန်းတောင်းမြို့နယ် LAT-18 42'19.37" N, LONG 95 07 '31.88"E) တို့အား ဆိုက်စမစ် လုပ်ငန်းသုံး CABLE (½" DIA.) ခန့်ဖြင့် ဆက်သွယ်၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မည့် အချိန်မှာ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မည့်ရက်များမှာ မေ ၂၅ ရက်မှ ၂၈ ရက်အတွင်းဖြစ်သည်။

သို့ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်မည့်နေ့များနှင့် လုပ်ငန်းဆောင်ရွက်နေချိန်များအတွင်း ရေယာဉ်များလုပ်ငန်းခွင်ဧရိယာအတွင်းမရောက်မီ အရှိန်လျှော့၍ သတိထားမောင်းနှင်ကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ထားသည်။

(ကြေးမုံ)

○ ပရီမီယာလိဂ်မှ

လက်စတာအသင်းကို ထိုင်းနိုင်ငံ King Power International အဖွဲ့အစည်းက ပိုင်ဆိုင်ပြီး ၂၀၁၅ ခုနှစ် ပရီမီယာလိဂ်ပွဲစဉ်များ မစမီအချိန်က ရွှေတိဂုံဘုရားသို့ ယင်းအဖွဲ့အစည်းမှ ဥက္ကဋ္ဌ ဗီချာ ဆရီဗာဒါနာပရာဘတ်နှင့် အဖွဲ့ဝင်များ လာရောက်ဖူးမြော်ခဲ့ကြသည်။ ယင်းနောက် ၂၀၁၅၊ ၂၀၁၆ ခုနှစ် ပရီမီယာလိဂ်ပွဲစဉ်တွင် လက်စတာအသင်းသည် နာမည်ကြီးအသင်းများဖြစ်သည့် အာဆင်နယ်၊ မန်ယူ၊ ချယ်လ်ဆီး၊ မန်စီးတီး အသင်းများကိုကျော်ဖြတ်ကာ ပထမဆုံးအကြိမ် ပရီမီယာလိဂ်ချန်ပီယံဖြစ်လာသည်။ လက်စတာအသင်းသည် ပရီမီယာလိဂ်ဖလားနှင့်အတူ ထိုင်းနိုင်ငံဘဏ်ကောက်မြို့တွင် အောင်ပွဲခံခဲ့ပြီး ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့လာရောက်ကာ ရွှေတိဂုံဘုရားသို့ ဖူးမြော်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ခင်ဇာလီ

❋ ကျောဖုံးမှ

ဒုတိယပိုင်းတွင်ပွဲမှာ ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး ခြေစွမ်းပြနေသည့် ဂတ်စတာမိုက မိနစ် ၅၀ တွင် ရှမ်းယူနိုက်တက်အတွက် တတိယဂိုးသွင်းယူခဲ့သည်။ ၅၆ မိနစ်တွင် မောင်မောင်လွင်က ဟံသာဝတီအတွက် ချေပဂိုးတစ်ဂိုး ထပ်သွင်းခဲ့သော်လည်း ရှမ်းအသင်းပွဲပြီးသည်အထိ အနိုင်ရလဒ်ကိုထိန်းချုပ်သွားခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ချင်းယူနိုက်တက်အသင်းက ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ချင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၁၇ မိနစ်တွင် ဆာကီကသွင်းယူပေးခဲ့သည်။

ယနေ့ပွဲ
(သုဝဏ္ဏကွင်း)
Southern -ရခိုင်
(မုံရွာကွင်း)
ဇေယျာရွှေမြေ -Horizon

သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့သည့်နေရာဒေသများသို့ ရဲတပ်ဖွဲ့ဝင်များ ကူညီဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၂

မြန်မာနိုင်ငံတစ်ဝန်းရှိဒေသအချို့၌ သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည့် နေရာဒေသများသို့ သွားရောက်ကာ ကယ်ဆယ်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ပိတ်ဆို့နေသည့် လမ်းများ ရှင်းလင်းရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ မေ ၂၁ ရက်က မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကံသစ်ရွာတွင် အမှတ်(၂၅)လုံခြုံ ရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက ပြန်လည်တည်ဆောက်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ရဲမြန်ကြား)

သင့်စီးပွားရေးလုပ်ငန်းအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ပြည်တွင်းရေးရာ

ဗုဒ္ဓနေ့ပူဇော်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၂
ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် မြသိန်းတန်ပရိယတ္တိစာသင်တိုက် ယဉ်ကျေးမှုသင်တန်းခန်းမ၌ မေ ၂၁ ရက်က ဗုဒ္ဓနေ့ပူဇော်ပွဲအခမ်းအနားကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဖတ်ပူဇော်ဖွင့်လှစ်ပြီး ရွှေဘုန်းပွင့်ဘဏ္ဍာတော်ထိန်းဥက္ကဋ္ဌ ဦးတင့်လွင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အဘိဓမ္မာပြန့်ပွားရေးဝတ်အသင်းက သတ္တာသတ္တဟ ရှစ်လုံးဘွဲ့ကဗျာဖြင့် ရွတ်ဖတ်ပူဇော်ခြင်း၊ ဆရာမဒေါက်တာဒေါ်ရင်ချစ်က ဗုဒ္ဓနေ့ ကျင်းပရခြင်းနှင့် အနာဂတ်အစီအစဉ်များ ပြောကြားခြင်း၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ လေးများက ဗုဒ္ဓနေ့အကြောင်းကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ခြင်း၊ ဗုဒ္ဓနေ့အကြောင်းအရာ စာတမ်း ငါးစောင် ဖတ်ကြားခြင်း၊ ဆရာမကြီး ဒေါ်မေပုလဲက ဗုဒ္ဓ၏ကမ္ဘာ့ဌိမ်းချမ်းရေးစာတမ်းကို ဖတ်ကြားခြင်း၊ မဟာဗုဒ္ဓဝင်စာမေးပွဲအောင် ရင်သွေးငယ်များကို ဆုများ အသီးသီးပေးခြင်း၊ အောင်ခြင်းရှစ်ပါး ဓမ္မတေးများဖြင့် သီဆိုပူဇော်ခြင်း၊ ရွှေဘုန်းပွင့်စေတီတော်ရှိ မဟာဗောဓိသို့ ရေစင်များသွန်းလောင်းခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

◆

အောင်ဇမ္ဗူဆရာတော် မွေးနေ့အထိမ်းအမှတ် ရွှေတိုဂုံစေတီတော်၌ ပန်းပေါင်းစုံလှူဒါန်း

မော်ဘီ မေ ၂၂
ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ပဓာနနာယကဆရာတော်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) နံနက် ၄ နာရီတွင် ရွှေတိုဂုံစေတီတော်၌ ပန်းပေါင်းစုံလှူဒါန်းပွဲ ကျင်းပခဲ့သည်။

ယခုကဲ့သို့ ရွှေတိုဂုံစေတီတော် ပန်းပေါင်းစုံလှူဒါန်းခဲ့ခြင်းသည် လေးနှစ်ဆက်တိုက်ရှိပြီဖြစ်ပြီး ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဘုရားလေးဆူအားရည်မှန်း၍ လှူဒါန်းပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါလှူဒါန်းပွဲတွင် ပန်းမျိုးပေါင်း ကိုးမျိုး၊ ပန်းပွင့်ရေ ၃၆၀၀၀ ကို ဆရာတော်၏မွေးနံ ကြာသပတေးထောင့်ရင်ပြင်၌ ပန်းဆိုင်းဘုတ်၊ ရင်ပြင်အပြည့်နှင့် မုခ်လေးမုခ်တို့၌ ပန်းပေါင်းစုံပူဇော်ခဲ့ခြင်းဖြစ်သည်။

အောင်ဇမ္ဗူဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတဝံသသည် ဝါတော်(၃၃)ဝါ၊ သက်တော် (၅၃) နှစ် ရှိပြီဖြစ်ပြီး ကဆုန်လပြည့်မတိုင်မီ မေ ၁၂ ရက်က ဆရာတော်၏ မွေးနေ့အကြိုအဖြစ် သံယာတော် အပါး ၅၀၀ နှင့် သီလရှင်အပါး ၅၀၀ တို့အား ဆွမ်း၊ သက်နှင့် ဝတ္ထုဌေကျပ် သိန်း ၄၅၀ ကို အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာကျောင်းတိုက်၌ ပင့်ဖိတ်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခင်မျိုးနိုင်(ကြေးမုံ)

မီးဘေးအန္တရာယ်၊ ကျန်းမာရေးထိခိုက်စေမှုနှင့် အများပြည်သူများ သွားလာရေးပိတ်ဆို့စေမှုကို အမြန်ဆုံးဆောင်ရွက်ပေးစေလို

သတင်း - ကိုသက်
ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်ရှိ သီရိမွန်ပလာဇာ၌ ရပ်ကွက်နေပြည်သူများနှင့် ဆိုင်သမားများက မတော်တဆမီးဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင် နောက်ဖေးလမ်းကြားမှ မီးဝင်ရောက်ခြေမ်းသတ်ရန် မလွယ်ကူအောင် နောက်ဖေးလမ်းကြားများအား ကျူးကျော်တိုးချဲ့၍ အဆောက်အအုံများ တည်ဆောက်ထားခြင်း၊ အများပြည်သူများ ကျန်းမာရေးထိခိုက်စေနိုင်သည့် ဆေးမှုတ်လုပ်ငန်းများအား နေ့စဉ်ပြုလုပ်နေခြင်း၊ အများပြည်သူများ သွားလာရာလမ်းနယ်နိမိတ်ထိ ကျူးကျော်၍ အဖီများ အခိုင်အမာဆွဲခြင်းနှင့် ၎င်းတို့ ရောင်းကုန်ပစ္စည်းများ ခင်းကျင်းထားခြင်းကြောင့် လမ်းများပိတ်ဆို့မှုဖြစ်ပေါ်နေမှုကို သက်ဆိုင်ရာမှ အမြန်ဆုံးကူညီဖယ်ရှားပေးစေလိုကြောင်း သိရသည်။

အဆိုပါ သီရိမွန်ပလာဇာသည် လူနေအိမ်ခန်းပေါင်း ၁၃၆ ခန်းနှင့် ဆိုင်ခန်းပေါင်း ၁၃၀ ခန့်ရှိပြီး မြန်မာတစ်နိုင်ငံလုံး တောင်သူလယ်သမားများအတွက် စက်မှုလယ်ယာသုံးပစ္စည်းများကို လက်လီလက်ကားရောင်းချလျက်ရှိသော အဓိကနေရာတစ်ခုဖြစ်သည်။

ထိုသို့ လူနေအိမ်ခန်းများနှင့် ဆိုင်ခန်းများ တွဲလျက်ရှိရာတွင် ဆိုင်သမားများက သူ့ထက်ငါ အပြိုင်အဆိုင် နောက်ဖေးလမ်းကြားနှင့် အများပြည်သူများ သွားလာရာ လမ်းများကိုကျူးကျော်၍ ဂိုဒေါင်သဖွယ်ပြုလုပ်ခြင်း၊ ဆိုင်နေရာတိုးချဲ့ခင်းခြင်း၊ ကုန်ပစ္စည်းများကို စည်းကမ်းမဲ့ပုံခြင်းတို့ကြောင့် နေ့စဉ်နှင့်အမျှ လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေသည့်အတွက် ရပ်ကွက်နေပြည်သူများနှင့် စည်းကမ်းလိုက်နာသော ဆိုင်သမားများ စိတ်အနှောင့်အယှက်ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ ယင်းကဲ့သို့ ပြုလုပ်မှုထဲတွင် အဆိုးရွားဆုံးမှာ စက်မှုလယ်ယာသုံးပစ္စည်းများကို ပြန်လည်ပြုပြင်ရာတွင် သံချေးချွတ်၊ ကော်ပတ်တိုက်၊ ဆေးမှုတ်ခြင်းတို့က နေ့စဉ်နှင့်အမျှ ပြုလုပ်နေသဖြင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်လျက်ရှိကြောင်း

ၢင်းဒဏ်ကို မခံနိုင်သော ပြည်သူတစ်ဦးက ရှင်းပြသည်။

သီရိမွန်ပလာဇာတွင် သီရိမွန်ပလာဇာဝင်း သာယာရေးနှင့် တိုက်ခန်းကြီးကြပ်ရေးအဖွဲ့ကို စနစ်တကျဖွဲ့စည်းထားပြီး ဆိုင်ခန်းများ၊ နေအိမ်များ၏လုံခြုံရေး၊ သန့်ရှင်းရေး၊ ကြီးကြပ်ရေးတို့ကို လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အများပြည်သူများနှင့် ဆိုင်သမားများ၏ စိတ်အနှောင့်အယှက်ဖြစ်စရာနှင့်ပတ်သက်၍ အဖွဲ့၏တာဝန်ရှိသူတစ်ဦးအား မေးမြန်းရာ "စိတ်အနှောင့်အယှက်ဖြစ်စရာတွေရှိတယ်ဆိုတာ မှန်ပါတယ်။ ဆိုင်တွေက အပြိုင်အဆိုင် နောက်ဖေးလမ်းကြားကို ဂိုဒေါင်သဖွယ် အဆောက်အအုံတွေ ဆောက်ကြတယ်။ ဒီလို အပြိုင်တွေ ဆောက်တော့ မတော်လို့ မီးဘေးအန္တရာယ်ဖြစ်လာရင် နောက်ဖေးလမ်းကြားကဝင်ပြီး မီးငြိမ်းလို့မရအောင်အထိ ဖြစ်လာတယ်။ ဆိုင်မျက်နှာစာရှေ့တွေမှာလည်း မြောင်းဖုံးကျော်ပြီး အဖီတွေဆောက်တယ်။ သူတို့ရဲ့ ကုန်ပစ္စည်းတွေ ခင်းကျင်းတယ်။ လမ်းနယ်ထိရောက်လာတော့ ကားအသွားအလာတွေပိတ်ကုန်တယ်။ ပတ်ဝန်းကျင်သာယာရေးအတွက် သစ်တောက ကျွန်းပင်တွေစိုက်ထားတယ်။ အဲဒီကျွန်းပင်တွေလည်း သံချောင်းတွေ၊ ပစ္စည်းတွေပုံတယ်။ ကျွန်းပင်တွေ ထိခိုက်မှုရှိတယ်။ တချို့ဆို လမ်းနယ်ထိ ဆေးမှုတ်လုပ်ငန်းတွေကိုလုပ်တယ်။ ကျန်းမာရေးထိခိုက်တယ်ဆိုပြီး တိုင်တယ်။ တိုင်တော့ ကျွန်တော့်အဖွဲ့က ဖြေရှင်းပေးတယ်။ တချို့ဆိုင်တွေက စည်းကမ်းလိုက်နာတယ်။ တချို့ဆိုင်တွေက သူများတွေမလုပ်ရင် သူတို့လည်းမလုပ်ဘူး။ မကျေနပ်ရင် ကြိုက်တဲ့ဆီကိုတိုင်လို့ ပြောတဲ့လူတွေတောင်ရှိတယ်။ ဒီလိုစည်းကမ်းမလိုက်နာတဲ့ ဆိုင်တွေကြောင့် ဒီသီရိမွန်ပလာဇာဝင်းက တဖြည်းဖြည်း လမ်းပိတ်ဆို့လာတယ်။ အဓိကတော့ ရပ်ကွက်နေသူတွေနဲ့ စည်းကမ်းလိုက်နာတဲ့ ဆိုင်သမားတွေက နောက်ဖေး လမ်းကြားတိုးချဲ့မှုတွေရယ်၊ ဆိုင်ရှေ့မျက်နှာစာ မြောင်းဖုံးကျော်ချဲ့ထွင်မှုတွေရယ်၊ လမ်းပေါ်ထိ ကုန်ပစ္စည်းမခင်းဖို့ရယ် လိုလားကြတယ်။ အားလုံး တစ်ပြေးညီဖြစ်စေချင်ကြတယ်" ဟု ပြောသည်။

ဆက်လက်၍ "အဖွဲ့အနေဖြင့် အများဆန္ဒနှင့်အညီ အဖွဲ့က ဖြေရှင်းမရရင် သက်ဆိုင်ရာတာဝန်ရှိသူတွေကို ထိထိရောက်ရောက်အမြန်ဆုံးလုပ်ဆောင်ပေးဖို့တိုင်ကြားသွားမှာပါ။ ဆိုင်သမားတွေကသာ ကိုယ့်အသိစိတ်ဓာတ်လေးတွေ တညီတည္ဃတ်တည်း စည်းကမ်းတကျ လိုက်နာမယ်ဆိုရင် ဒီကိစ္စတွေက ရက်ပိုင်းအတွင်း လုပ်ဆောင်လို့ရပါတယ်။ စည်းကမ်းမလိုက်နာလို့ ဒီလိုဖြစ်တာပါ"ဟု ပြောသည်။

တစ်ဆက်တည်းမှာပင် "ကျွန်တော်တို့ သီရိမွန်ပလာဇာက မြန်မာနိုင်ငံရဲ့ စက်မှုလယ်ယာသုံးပစ္စည်းတွေ လက်လီလက်ကား အဓိကဖြန့်ဖြူးတဲ့နေရာဆိုရင် မမှားပါဘူး။ စိုက်ပျိုးရေးလုပ်ငန်းအတွက် အားထားစရာ စက်ပစ္စည်းတွေလည်းဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ဆိုင်သမားတွေက နေရာကျယ်ကျယ်လိုချင်ကြတယ်။ ဝေးရင်ဝေးပါစေ။ ဆိုင်သမားလုပ်ငန်းရှင် ၉၀ က စုပေါင်းပြီး သင့်တော်တဲ့နေရာမှာ သီးသန့်နေရာချပေးဖို့ ယခင်အစိုးရ လက်ထက်က တောင်းဆိုထားတယ်။ ပေ(၄၀×၆၀)မြေကွက် ၄၇ ကွက်ပေးမယ်လို့ပြောတယ်။ လှိုင်သာယာ၊ ထိန်ပင်သုသာန်နားမှာပါ။ အကွက်က မလောက်ဘူး။ ပေ(၄၀×၆၀) အစား ပေ(၂၀×၆၀)ဆိုရင် ဆိုင်သမားတွေက လက်ခံသော်လည်း မြေကွက်ဈေးနှုန်းက တစ်ကွက်သိန်း ၈၀၀ လောက်ဖြစ်နေတယ်။ ဒါကြောင့် သင့်တော်တဲ့ဈေးနှုန်းသတ်မှတ်ပေးချင်ကြတယ်။ ကျွန်တော်တို့လုပ်ငန်းတွေက အသေးစား၊ အလတ်စားလုပ်ငန်းတွေမှာ ပါဝင်တယ်။ ဒီလုပ်ငန်းတွေ ဖွံ့ဖြိုးဖို့အတွက် အစိုးရက တတ်နိုင်သလောက် အကူအညီပေးစေချင်ပါတယ်"ဟု ထပ်လောင်းပြောပြသည်။

အဆိုပါ သီရိမွန်ပလာဇာသည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ယုဇနကုမ္ပဏီတို့က အကျိုးတူပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၂၂

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် မေ ၁၈ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများအား သွားရောက်တွေ့ဆုံသည်။

ရှေးဦးစွာ ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ခရိုင်မှူးက ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများအားလည်းကောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှ သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်များက သင်တန်းကျောင်းဆိုင်ရာ ကိစ္စရပ်များအားလည်းကောင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ဝန်ထမ်းများအား တွေ့ဆုံရာတွင် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် စီမံကိန်းများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာ ဆရာမအနေဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်၊ ဝန်ကြီးဌာန၏ ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားသင်ကြားပေးရန် လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများကိုလည်း နိုင်ငံတော်မှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရာနှုန်းပြည့် အထောက်အပံ့ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေမှုများကို သိရှိနားလည်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ထမ်းဆောင်နိုင်မည့် လူငယ်များဖြစ်အောင် လေ့ကျင့်သင်ကြားပေးကြရန် မှာကြားသည်။

ထို့နောက် လူငယ်သင်တန်းကျောင်း (ပူတာအို) ရှိ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး ကျောင်းဝင်းအတွင်းရှိ စားရိပ်သာများ၊ သင်တန်းသား သင်တန်းသူ အိပ်ဆောင်များ၊ စာသင်ဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် အမျိုးသမီးအိမ်တွင်းမှသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ပူတာအို) သို့ သွားရောက်ကာ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၃၄)နှင့် အ ဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၈)မှ သင်တန်းသူများ စက်ချုပ်သင်ကြားနေမှုများကို ကြည့်ရှုပြီး ထောက်ပံ့ငွေများပေးအပ်ကာ သင်တန်းသူများ နေ့လယ်စာသုံးဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပူတာအိုမြို့နယ် နမ့်ပလပ်ချောင်းကူးဘေလီတံတားအရှည် (၃၂၀ × ၁၂)ပေ တည်ဆောက်ပြီးစီးမှုအခြေအနေကို စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက တည်ဆောက်ပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများအနေဖြင့်လည်း တံတားရေရှည်တည်တံ့ ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် မှာကြားသည်။

မေ ၁၉ ရက် နံနက်ပိုင်းတွင် ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး တည်ဆောက်မည့် မြေနေရာနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် နွမ်လော်ချောင်းကူး ကြိုးတံတားအရှည် (၁၇၀ × ၉ × ၁၆) ပေ တည်ဆောက်ပြီးစီးမှုနှင့် ရွှေမိုးတောင် တောင်ပတ်လမ်း(၁/၂)မိုင် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မေ ၂၀ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားရှိ ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ညွှန်ကြားရေးမှူးဦးအုန်းမြင့်က ကချင်ပြည်နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား မှာကြားခဲ့ပြီး လိုအပ်ချက်များကိုလည်း ဖြည့်ဆည်း ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အမှတ်(၂)နှင့် အမှတ်(၁) သို့ သွားရောက်၍ ဝန်ထမ်းများ၊ သင်တန်းနည်းပြများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံခဲ့ပြီး ကျောင်းဝင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်

ကျောက်မဲ မေ ၂၂

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကျောက်မဲမြို့နယ် စစ်မှုထမ်းဟောင်းကော်မတီ၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို မေ ၂၁ ရက်က ကျောက်မဲမြို့ မြို့ကျက်သရေဆောင် ခန်းမ၌ကျင်းပရာ သဘာပတိ ဗိုလ်ကြီး သိန်းနိုင်(ငြိမ်း)က အမှာစကား ပြောကြားပြီး ကော်မတီအတွင်းရေးမှူးက နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ဆက်လက်ပြီး အဖွဲ့ဝင်တစ်ဦးက နှစ်ပတ်လည်အစီရင်ခံအပေါ် ဝေဖန်အကြံပြုဆွေးနွေးရာ မြို့နယ်စစ်မှုထမ်းဟောင်းကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်ဇော်(ငြိမ်း)က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် တာဝန်ရှိသူများက အသက်(၈၀)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်း ၁၄ ဦးအတွက် ငွေကျပ် ၁၄ သိန်း၊ အသက်(၇၅)နှစ် တစ်ဦးအတွက် ကျပ် ၆၀၀၀၀၊ အသက်(၇၀)နှစ်နှင့်အထက် ၃၅ ဦးအတွက် ငွေကျပ် ၁၄ သိန်း၊ ကိုယ်လက်အင်္ဂါ စွန့်လွှတ်လျှုဒါန်းခဲ့သည့် မသန်စွမ်းစစ်မှုထမ်းဟောင်း ၂၆ ဦးအတွက် ကျပ် ၁၀၃၀၀၀၀၊ ကော်မတီဝင်များ၊ ဝန်ထမ်းများနှင့် နယ်မြေမှူး ၃၆ ဦးတို့အတွက် ငွေကျပ် ၁၀စ၀၀၀၀၊ ပညာသင်ကြားနေကြသော စစ်မှုထမ်းဟောင်းသားသမီး ကျောင်းသား ကျောင်းသူ ၁၁၉ ဦးအတွက် ငွေကျပ် ၃၁၇၅၀၀၀၊ အမှတ် (၄)အခြေခံပညာမူလတန်းကျောင်းနှင့် ဘိုးဘွားဆေးခန်းသို့ အလှူငွေ ကျပ်တစ်သိန်းစီကို လည်းကောင်း အသီးသီးထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျောက်မဲမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီအနေဖြင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ လူမှုရေးနှင့် သက်သာချောင်ချိရေးသာမက ဒေသအကျိုးပြု လုပ်ငန်းများတွင် လူအား ငွေအားဖြင့်ပါဝင် ကူညီဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားပြည်သူများ၏ အသက်ကို စစ်မှုထမ်းဟောင်းများ၏ သွေးဖြင့် ကယ်တင်မည်ဟူသော ဆောင်ပုဒ်အတိုင်း သွေးအလှူရှင်အသင်းဖွဲ့စည်းကာ တိုင်းရင်းသားပြည်သူ ၂၁၉ ဦးကို သွေးလှူဒါန်းမှုပြုနိုင်ခဲ့ကြောင်း ကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီး တင့်ဇော်(ငြိမ်း)က ပြောသည်။

မလတ်(ကျောက်မဲ)

◆

စိတ်လှုပ်ရှားဖွယ် 3D တိရစ္ဆာန်အရုပ်ကြီးများကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ နေရာငါးခုတွင် ရေးဆွဲမည်

ရန်ကုန် မေ ၂၂

ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အတွင်းသို့ လာရောက် လေ့လာသူများအတွက် စိတ်လှုပ်ရှားဖွယ် 3D တိရစ္ဆာန်အရုပ်ကြီးများကို နေရာငါးခုတွင်ရေးဆွဲသွားမည်ဖြစ်ကြောင်း ယင်းတိရစ္ဆာန်ဥယျာဉ်မှအုပ်ချုပ်ရေးမှူး ဦးတင်မွန်ဆန်းက ပြောသည်။

"3D တိရစ္ဆာန်အရုပ်ကြီးတွေ မကြာခင်ရေးဆွဲဖို့အတွက် ပုသိမ်ကပန်းချီဆရာတစ်ဦးနဲ့ ချိတ်ဆက်ထားတယ်။နေရာငါးခုလောက်ကို ရွေးချယ်ပြီးဆောင်ရွက်မယ်။ ဥပမာ ဆင်ရှိတဲ့နေရာအနားမှာတို့၊ ဝက်ဝံဘေးမှာတို့၊ ဝက်ဝံကသံတိုင်ဖြဲပြီး ထွက်လာတာတို့၊ ကျားသစ်က သစ်ပင်ပေါ်ကနေခုန်ဆင်းလာတာတို့ စတဲ့ပုံစံတွေကို မြေတစ်ဝက်၊ နံရံတစ်ဝက် ရေးဆွဲသွားမှာဖြစ်တယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် တိရစ္ဆာန်ဥယျာဉ်တွင် ရှားပါးတိရစ္ဆာန်များ ထပ်မံတိုးချဲ့ပြသသွားရန်စီစဉ်နေပြီး ဥယျာဉ် အတွင်းရှိသော ကလေးကစားကွင်းနှင့် အများပြည်သူ အပန်းဖြေရာ အစီအစဉ်များကို ပိုမိုတိုးချဲ့ကာ ရေကန်အတွင်း ကနူးလေ့ငါးစင်းကို မကြာခင် ဝယ်ယူဖြည့်တင်းသွားမည်ဟု သိရသည်။

လက်ရှိတွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ရှားပါးမျိုးသုဉ်းတော့မည့် ကြယ်လိပ်၊ ကျား၊ ကျားသစ်၊ ဒေါင်းစိမ်း၊ အောင်လောင်အောက်ချင်းနှင့် အခြားတိရစ္ဆာန်များကို ရေရှည်ထိန်းသိမ်းနိုင်ရန် သားစပ်မျိုးဖောက်စနစ် အပါအဝင် နိုင်ငံတကာတိရစ္ဆာန်လဲလှယ်မှု အစီအစဉ်များဖြင့် ထိန်းသိမ်း ဆောင်ရွက်နေကြောင်း သိရသည်။

"မနှစ်ကတော့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ထဲကို လာရောက်သူဦးရေ ခါတိုင်းနှစ်တွေထက် အတော်များခဲ့တယ်။ နှစ်စဉ်တိုးလာရမယ်ဆိုတဲ့ ရည်မှန်းချက်တွေချပြီး ဆောင်ရွက်နေပါတယ်။ ဒါကြောင့် ဥယျာဉ်ထဲ တိရစ္ဆာန်အသစ်တွေနဲ့ စိတ်ဝင်စားဖွယ်ရာတွေကို ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ထပ်မံပြောသည်။

(ရဲဝင်း)

မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကြုံတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်

နေပြည်တော် မေ ၂၂

မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလ၌ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေမြင့်တက်လာမည် ဖြစ်ပါသည်။ မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်ပါသည်။ ရာသီဥတု ဒဏ်ကြောင့် ရေလမ်းညွှန်အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

မြစ်ရေမြင့်တက်လာမှုကြောင့် ရေနည်းကာလတွင်ရှိခဲ့သော သောင်နှင့် ကျွန်းများ ရေမြုပ်၍ ရေမြွှောပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့အပြင် ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြွှောပေါက်ဖြတ်လမ်းများကို အသုံးပြုခုတ်မောင်းခြင်းမပြုကြရန်နှင့် မိမိရေယာဉ်၏စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်း သတိပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်ဦးဂံ အမှတ်အသားပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားပါသည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြတ်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း ပြသထားပါသည်။

ရေမျှားကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင်နှစ်ခုအကြား၌ ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်များကို ကြိုတင်စစ်ဆေးပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် ရေယာဉ်များသည် မိမိ၏ သယ်ဆောင်ဝန်အားနှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည် ဖြစ်ပါသည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည် ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှု ဖြစ်ပေါ်သည့်အခါ ရေယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် အထူးသတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိပါသည်။

(သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသွားများ တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်/ထွက်လည်ပတ်လျက်ရှိ

နေပြည်တော် မေ ၂၂

နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်/ထွက်လည်ပတ်လျက်ရှိရာ မေ ၁၂ ရက် မှ ၁၉ ရက်အထိ ထိုင်းနှင့်တရုတ်နိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွား ဧည့်သည် ၄၉၅ ဦး တို့သည် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှတစ်ဆင့် တာချီလိတ်နယ်စပ်သို့ ဝင်ရောက်လာကာ တာချီလိတ်မြို့တွင်းရှိ တာလေ့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ဝမ်းကောင်းဈေး၊ မြို့လယ်ဓမ္မာရုံ၊ ရွှေတိဂုံစေတီတော်၊ တိုင်းရင်းသားကျေးရွာ၊ နဂါးနှစ်ကောင် ရှမ်းဘုန်းကြီးကျောင်း၊ တရုတ်ဘုံကျောင်းနှင့် မိုးနှင်းဘုရား(ရှမ်း) ဘုန်းကြီးကျောင်းတို့သို့ သွားရောက် လည်ပတ်ခဲ့ကြကာ ထိုင်းနိုင်ငံသား အများစုပါဝင်သော ခရီးသွားဧည့်သည် ၂၆၃ ဦးတို့သည် မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်ဒေသများသို့ လည်းကောင်း၊ ထိုင်းနိုင်ငံသား

အများစုပါဝင်သော ခရီးသွားဧည့်သည် ၄၂ ဦးတို့သည် မိုင်းလား ခရီးစဉ်ဒေသသို့ လည်းကောင်း၊ ထိုင်းနှင့် တရုတ်နိုင်ငံသား အများစုပါဝင်သော ခရီးသွားဧည့်သည် ၁၉၉ ဦးတို့သည် တာချီလိတ်မှတစ်ဆင့် တောင်ကြီး၊ အင်းလေး၊ ပုဂံ၊ မန္တလေး၊ ကျိုက်ထီးရိုး၊ ရန်ကုန် စသည့် ပြည်တွင်းပိုင်း ခရီးစဉ်ဒေသများသို့ လည်းကောင်း သွားရောက်လည်ပတ်ကြသည်။

ယခုအခါရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှိ ခရီးစဉ်ဒေသများသို့ နိုင်ငံခြားသားများ လာရောက်လည်ပတ်မှု၊ စိတ်ဝင်စားမှု များလာသောကြောင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များမှတစ်ဦးချင်းသာမက အစုအဖွဲ့များဖြင့် တာချီလိတ်နယ်စပ်ဝင်ပေါက်မှ စဉ်ဆက်မပြတ် ဝင်/ထွက် လည်ပတ်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

မိုးရာသီကာလတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)သွား ကုန်တင်ယာဉ်ကြီးများ အထူးသတိထားရန်လိုအပ်

နောင်ချို မေ ၂၂

မိုးတွင်းကာလသို့ရောက်ရှိလာတော့ မည်ဖြစ်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) သွား ကုန်တင်ယာဉ်ကြီးများအနေဖြင့် ဂုတ်တွင်းတောင်ကြားလမ်း ကမ်းပါးယံ ပြိုနေသည့် နေရာများအနီးတွင် အထူးသတိပြု သွားလာရန်လိုအပ်ကြောင်းယာဉ်မောင်းများထံမှ သိရသည်။

နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်ကြား အကွေ့အထပ်ပေါင်း နှစ်ဆယ်ကျော်ရှိသည့် အဆိုပါဂုတ်တွင်း တောင်ကြားလမ်းတွင် လမ်းဘေးတစ်လျှောက်ကမ်းပါးပြိုသည့်နေရာများ ရှိနေပြီး အဆိုပါနေရာများတွင်

ခိုင်မာသည့်ကွန်ကရစ်အုတ်ခုံဖြင့် သေချာစွာထိန်းသိမ်းဆောင်ရွက်ထားခြင်းမရှိဘဲ သစ်သားချွန်များဖြင့် သပ်ရိုက်ကာ ယာယီထိန်းသိမ်းပေးထားခြင်း၊ ညအချိန် သီသာထင်ရှားသည့် အမှတ်အသားမရှိခြင်း၊ ထင်ရှားခိုင်မာသည့် သတိပေးစနစ်မရှိခြင်းများကြောင့် နေ့စဉ်ကုန်အလေးချိန်များဖြင့် ဖြတ်သန်းသွားလာနေသည့် ကုန်တင်ယာဉ်ကြီးများအတွက် အလွန်အန္တရာယ်များနေသည်ဟု ဆိုသည်။

"မနှစ်တုန်းကလည်း ဒီလိုပဲသွားလာနေရတာ။ တာဝန်ရှိသူတွေက ဒါမျိုးတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးသင့်ပါတယ်။ မြေပြိုထားတဲ့နေရာတွေမှာ ကျွတ်ကျွတ်အိတ်ကို ဝါးလုံးထိပ်မှာစွတ်ပြီး ထောင်ထားတာလောက်ပဲ တွေ့ရတယ်"ဟု တွဲကားမောင်းနှင်သူတစ်ဦးက ပြောသည်။

ကုန်တင်ယာဉ်မောင်းကြီးများ အနေဖြင့် အဆိုပါနေရာများအနီး ယာဉ်တစ်စီးနှင့်တစ်စီးရှောင်တိမ်းရာတွင် နားလည်မှုရှိစွာဖြင့် ဟွန်းနှင့်မီးအသုံးပြုကာ မြေပြင်ကျယ်သည့်နေရာများတွင် သတိပြုရှောင်ရှားသင့်ကြောင်း ကျောက်မဲမြို့မှ ယာဉ်ထိန်းတစ်ဦးက ၎င်းအမြင်ကို ပြောသည်။

ကိုနေ (သီပေါ)

အသစ်ပြန်လည်ပြဋ္ဌာန်းလိုက်သည့် ပိုးသတ်ဆေးဥပဒေအား ရှင်းလင်းဆွေးနွေးပွဲပြုလုပ်

နောင်တရား မေ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် သီးနှံကာကွယ်ရေးဌာနမှ ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်မှ အသစ်ပြန်လည်ပြဋ္ဌာန်းလိုက်သည့် ပိုးသတ်ဆေးဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို မေ ၂၀ ရက် နံနက် ၁၀ နာရီက နောင်တရားမြို့ စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ပြုလုပ်ခဲ့သည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲတွင် နောင်တရားနယ်မြေရဲစခန်း စခန်းမှူးရဲအုပ်ဝင်းနိုင်က ပိုးသတ်ဆေးဥပဒေ၌ပါရှိသော ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်း ရှင်းလင်းဆွေးနွေးခြင်း၊ တောင်ကြီးခရိုင် သီးနှံကာကွယ်ရေးဌာနမှ ဦးစီးအရာရှိ ဒေါ်နန္ဒာထွေးက အသစ်ပြန်လည်ပြဋ္ဌာန်းလိုက်သည့် ပိုးသတ်ဆေးဥပဒေပါအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခြင်းနှင့်တောင်ကြီးခရိုင် သီးနှံကာကွယ်ရေးဦးစီးဌာနမှ ပိုးသတ်ဆေးစစ်ဆေးရေးမှူး ဦးရဲတေဇာက ပိုးသတ်ဆေးရောင်းချသည့် အရောင်းကိုယ်စားလှယ်များအား ပိုးသတ်ဆေးဥပဒေပါ ပြဋ္ဌာန်းချက်များကို စနစ်တကျ လိုက်နာဆောင်ရွက်ရေး၊ ပိုးသတ်ဆေးသုံးစွဲသူ တောင်သူများအား ပိုးသတ်ဆေးများကို ဥပဒေအတိုင်း စနစ်တကျ ရောင်းချပေးရေး၊ မှတ်ပုံတင်ထားခြင်းမရှိသောပိုးသတ်ဆေးများကို လည်း ရောင်းချခြင်းလုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေအရ လုပ်ထုံး/လုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေး ဟောပြောခဲ့သည်။

ဆက်လက်၍ နောင်တရားမြို့နယ်အတွင်း ပိုးသတ်ဆေး လက်လီ၊ လက်ကားအရောင်းဆိုင်များမှ ကိုယ်စားလှယ်များက မိမိသိလိုသည့်အကြောင်းအရာများကိုမေးမြန်းရာ ပိုးသတ်ဆေးစစ်ဆေးရေးမှူးမှ ပြန်လည်ရှင်းလင်းပေးခဲ့သည်။ ဆွေးနွေးပွဲသို့ နောင်တရားမြို့ဌာနဆိုင်ရာအကြီးကဲများ၊ ပိုးသတ်ဆေးအရောင်းဆိုင်များမှ အရောင်းကိုယ်စားလှယ်များနှင့် မြို့နယ်အထောက်အကူပြုကော်မတီများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်/ဆက်

စိန်ပန်းပွင့်ချိန် ကျောင်းဖွင့်ချိန်

စိန်ပန်းနီ ပွင့်
ကျောင်းတွေ ဖွင့်၏။
ကျောင်းဖွင့်လေလျှင်
ဉာဏ်သစ် တင်ကြ။
ကျောင်းဖွင့်လေလျှင်
မျိုးသစ် ဆင်ကြ။
ကျောင်းဖွင့်လေလျှင်
မြရွက် ရှင်ကြ။
ကျောင်းဖွင့်လေလျှင်
ခွပ်ဒေါင်း ပြင်ကြ။
အမှောင် ပိတ်ထွေး
ပြေးစေသတည်း။
ကောင်းကင်ပြာဝင်း
လင်းစေသတည်း။
လူမှု လူရေး
မွှေးစေသတည်း။
မေတ္တာတောင်ပံ
ဝဲပျံစေသတည်း။ ။

အုံမောင်

မူဟန်အသွယ်သွယ်ဖြင့်ကကြမည့် အိန္ဒိယအကဖျော်ဖြေပွဲအား အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်

ရန်ကုန် မေ ၂၂

အိန္ဒိယသံရုံး ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံအစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာနိုင်ငံတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော "အိန္ဒိယပွဲ"၏ကဏ္ဍတစ်ရပ်အနေဖြင့် တင်ဆက်မည့် Nrityarupa; A Mosaic of Indian Dance (မူဟန်အသွယ်သွယ်ဖြင့် ကပြဖျော်ဖြေတင်ဆက်မည့်အိန္ဒိယအကဖျော်ဖြေပွဲ) အား ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ မေ ၂၃ ရက် ည ၇ နာရီမှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံရုံးမှသိရသည်။

အဆိုပါ "အိန္ဒိယပွဲ" ဖြစ်သော Nrityarupa;မှာ အိန္ဒိယနိုင်ငံတေးဂီတ၊ အကနှင့် ပြဇာတ်အမျိုးသားအကယ်ဒမီမှ SangeetNatakAkademi ၏ အနုပညာစီစဉ်ညွှန်ကြားမှုဖြင့် ပုံဖော်ထားခြင်းဖြစ်ပြီး ပြည်နယ်ခြောက်ခု၏ အကပုံစံခြောက်မျိုးအား ဖျော်ဖြေတင်ဆက်ကြမည့် ထူးချွန်ဆုရအကပညာရှင် ၁၃ ဦးမှ မိနစ် ၅၀ ကြာ မနားတမ်းဖျော်ဖြေတင်ဆက်သွားကြမည်ဖြစ်သောကြောင့် ဖျော်ဖြေပွဲလာပရိသတ်များမှာ တစ်နေရာတည်း၌ ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်သည်။

ထိုကဲ့သို့အိန္ဒိယအကဖျော်ဖြေပွဲများအား အခမဲ့လာရောက်ဖျော်ဖြေတင်ဆက်ရခြင်းမှာ မြန်မာနိုင်ငံရှိအများပြည်သူများအနေဖြင့် အိန္ဒိယနိုင်ငံရှိတစ်မူထူးခြားသည့်အကပြကွက်များအား တွေ့စေလို၍လည်းကောင်း၊ နှစ်နိုင်ငံယဉ်ကျေးမှုများကိုလည်း ကပွဲလာပရိသတ်ပြည်သူများပိုမိုသိစေလာပြီး နိုင်ငံအချင်းချင်းဖလှယ်နိုင်မည်ဖြစ်ကာ အနုပညာပေါင်းစုံအား နိုင်ငံအချင်းချင်းမိတ်ဆက်လိုခြင်းနှင့်အိန္ဒိယနိုင်ငံရှိ အသံမထွက်သောရုပ်သေးအကကိုလည်း ကပွဲလာပရိသတ်ပြည်သူများကြည့်ရှုခံစားနိုင်ကြစေရန်အတွက်လည်းကောင်း ကျင်းပရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံရုံးမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့ပြင် "နိုင်ငံတကာယောဂနေ့" အား ဇွန် ၁၉ ရက်တွင်ရန်ကုန်မြို့၌လည်းကောင်း၊ ဇွန် ၂၁ ရက်တွင်မန္တလေးမြို့၌လည်းကောင်း အသီးသီးကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံရုံးမှသိရသည်။**(စိုးဝင်း-MLA)**

ရုပ်မြင်သံကြားအစီအစဉ်များ

[၂၃ - ၅ -၂၀၁၆ (တနလာနေ့)]

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
- မိုးလေဝသအစီအစဉ်
- ပြည်သူ့နီတိ
"ရိုသေစွာကိုင်တွယ်ခြင်းဖြင့်"
၆း၃၀ ကာတွန်းအစီအစဉ် "Tales from Earth Sea" (အပိုင်း-၃)
၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းသောနေ့သစ်ဆီ" (အပိုင်း-၂)
၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၅၀)
၈း၄၀ တေးဂီတအစီအစဉ်
၉း၀၀ ရွှေတူးသမားဘဝအစီအစဉ်
၉း၃၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉း၄၀ တေးဂီတအစီအစဉ်
၁၀း၀၀ ပန်းချီပညာရှင် ဆရာဝင်းဖေ အစီအစဉ်
၁၀း၂၀ မြန်မာဗွီဒီယိုဇာတ်လမ်း "မဝေးတော့ဘူး"
၁၂း၀၀ အစီအစဉ်ပြီး၏။

တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။

MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "ဒုက္ခဝိဟာရ သုတ္တန်နှင့်သုခဝိဟာရ သုတ္တန်"တရားတော် [ဆရာတော်အရှင်မမ္မစာရ (စိန်တောင်တောရ ဆရာတော်)]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇၀)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (LG Electronic ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲအခမ်းအနား)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၁၈)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၀း၀၀ အနုပညာမိုးကောင်းကင်
၁၀း၄၅ MRTV- 4 Stage
၁၂း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၈၁)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၂၈)
၆း၀၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇၁)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၂၉)
၈း၁၅ Drive It
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၁၉)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (ဇာတ်သိမ်းပိုင်း)
၉း၅၅ အနုပညာမိုးကောင်းကင်
၁၀း၂၀ MRTV-4 Stage
၁၀း၄၅ World of Knowledge (Viber)

မြဝတီ

၆း၀၃ တရားတော်
- မင်းသမီးနဲ့ကျွန်တော် အပိုင်း(၂၃)
၆း၁၆ မေတ္တာပို့
၆း၂၀ ဓမ္မပူဇော်တေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
၆း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အာရုဏ်ဦးရဲ့ချစ်ပန်းသခင် အပိုင်း(၂၂)
၆း၃၅ မျိုးချစ်တပ်မတော်
၆း၄၅ မှတ်တမ်း
၆း၅၅ မြန်မာသံစဉ်ချိန်းဝင်
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၇း၀၀ အမျိုးသားရေးတေးကဗျာ
၇း၂၅ သင့်အတွက်တစ်နေ့တာ
၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ အပိုင်း(၃၃)
၈း၁၅ ရှေးဟောင်းသုတ
၈း၂၀ DVD Hits
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- အမျိုးသားရေးတေးကဗျာ
- ဒို့တာဝန်အရေးသုံးပါး
- နိုင်ငံတကာသတင်း
- မိုးလေဝသသတင်း
- ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
- မေးမြန်းစူးစမ်း
- ယနေ့အတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဟိုတယ်ဘုရင်" အပိုင်း(၃၀)
- တရားတော်
၈း၃၅ ဗုဒ္ဓဝိဟာရ သုတ္တန်နှင့်သုခဝိဟာရ သုတ္တန်"တရားတော် [ဆရာတော်အရှင်မမ္မစာရ (စိန်တောင်တောရ ဆရာတော်)]
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇၀)
၉း၅၀ ရန်ကုန်မြင်ကွင်းကျယ် (LG Electronic ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲအခမ်းအနား)
၉း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၁၈)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၀း၀၀ အနုပညာမိုးကောင်းကင်
၁၀း၄၅ MRTV- 4 Stage
၁၂း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (ဇာတ်သိမ်းပိုင်း)
၂း၂၅ အနုပညာမိုးကောင်းကင်
၁၀း၂၀ MRTV-4 Stage
၁၀း၄၅ World of Knowledge (Viber)

mitv

07:27 Tapestry- A Unique Combination Of Painting and Craftsmanship
07:45 Dhamma School
08:03 News
08:26 Myanmar National Poet And Literary Icon; Prolific Writer of Poems & Prose - Min Thu Wun (Ep-1) In Memory of Him & His Childhood
08:51 Tea Leaves
09:03 News
09:26 Myanmar Traditional Thatched Roofs: In-Leaf
09:43 Five-Stars Ocean Liners in Myanmar Water
10:03 News
10:26 A Street Vendor "Spreading Knowledge"
07:27 Food Trip (Ep-8) (Part-1)
07:53 Temple Stalls
08:03 News
08:26 Taste Of Myanmar (Lashio Noodle)
08:44 A Life In The Ring

X-Men ဇာတ်ကားသစ်တွေမှာ ဆက်လက်ပါဝင်ဖို့ တွေ့ဝေနေတဲ့ ဂျနီဖာလောရင့်စ်

ဟောလိဝုဒ်မင်းသမီး ဂျနီဖာလောရင့်စ်က မေလအတွင်းထွက်ရှိမည့် X-Men: Apocalypse ဇာတ်ကားအပြီး အသစ်ထပ်မံရိုက်ကူးမည့် X-Men စီးရီး ဇာတ်ကားများတွင် ဆက်လက်ပါဝင်ရန် တွေ့ဝေနေဆဲဖြစ်ကြောင်းသိရသည်။ ကန်ထရိုက်စာချုပ်သုံးခုဖြင့် အနုပညာလုပ်ငန်းများဆောင်ရွက်နေသည့် မင်းသမီးဂျနီဖာလောရင့်စ်သည် မကြာမီတွင် အခြားသရုပ်ဆောင်များဖြစ်သည့် James McAvoy, Michael Fassbender နှင့် Nicholas Hoult တို့နှင့်အတူ စာချုပ်ပြည့်မည်ဖြစ်သော်လည်း ဆက်လက်ဆောင်ရွက်ရန်ဆုံးဖြတ်မှုများမရှိသေးကြောင်း Entertainment Weekly မှ တာဝန်ရှိသူတစ်ဦးက မေ ၂၀ ရက်က ပြောကြားခဲ့သည်။

"အခြားသရုပ်ဆောင်တွေအပါအဝင် ကျွန်မတို့အားလုံး ဒီကိစ္စကို ပြောဖြစ်နေကြတာပါ။ Fox ရဲ့ X-Men ဇာတ်ကားသစ်တွေမှာ ဆက်လက်ပါဝင်ဖို့ကတော့ ပရိသတ်ကြီးက ပြန်လာစေချင်တယ်ဆိုရင်ပြန်လာမှာပါ။ ပရိသတ်ကြီးကိုချစ်သလို ဒီဇာတ်ကား၊ နောက်ပြီး ဒီဇာတ်ကားမှာပါဝင်ရတဲ့ ဇာတ်ကောင်စရိုက် ဒါတွေအားလုံးကို နှစ်သက်ပါတယ်"ဟု ဂျနီဖာလောရင့်စ်က ဆိုသည်။

မာဗယ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် X-Men: Apocalypse စူပါဟီးရိုးဇာတ်ကားကို မေလ နောက်ဆုံးပတ်တွင် စတင်ဖြန့်ချိပြသမည်ဖြစ်ပြီး ယင်းဇာတ်ကားရိုက်ကူးမှုအတွက် ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၂၃၄ သန်းကျော်ရှိကြောင်း သိရသည်။

X-Men: Apocalypse စူပါဟီးရိုးဇာတ်ကားတွင် ဂျနီဖာလောရင့်စ်အနေဖြင့် mutant Mystique ဇာတ်ရုပ်ဖြင့် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ယင်းဇာတ်ရုပ်သည် ၂၀၁၁ ခုနှစ်က X-Men: First Class ဇာတ်ကားကတည်းက ဇာတ်ရုပ်လည်းဖြစ်သည်။

အခြားသောသရုပ်ဆောင်များအနေဖြင့်မူ အသစ်ထွက်ရှိလာမည့် X-Men ဇာတ်ကားသစ်များတွင် ပါဝင်သရုပ်ဆောင်သွားဖွယ်ရှိကြောင်း သိရသည်။

အီတလီနှင့်တရုတ်တို့အကြား ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းများ ပူးတွဲဆောင်ရွက်သွားမည်

အီတလီနှင့် တရုတ်နိုင်ငံအကြား ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းများကို ပူးတွဲလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီတလီရုပ်ရှင်အစည်းအရုံးက ထုတ်ပြန်ကြေညာခဲ့သည်။

အီတလီနိုင်ငံမှ ရုပ်ရှင်လုပ်ငန်းများ၊ စက်ပိုင်းဆိုင်ရာနှင့် မာလ်တီမီဒီယာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် အီတလီနိုင်ငံ၏ ရုပ်သံလုပ်ငန်းများအတွက် အရေးကြီးသော စျေးကွက်တစ်ခုဖြစ်ကြောင်း၊ အီတလီနိုင်ငံမှ ရုပ်ရှင်အတတ်ပညာပိုင်းဆိုင်ရာဖန်တီးမှုစွမ်းအားနှင့် တရုတ်နိုင်ငံမှ နည်းပညာများပေါင်းစပ်နိုင်ပါက ပိုမိုကောင်းမွန်သည့်ရလဒ်များပေါ်ထွက်လာမည်ဖြစ်ကြောင်း (၆၉)ကြိမ်မြောက် ကန်းစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် အီတလီရုပ်ရှင်အစည်းအရုံးမှ အကြီးအကဲတစ်ဦးဖြစ်သူ Roberto Stabile က ဆိုသည်။

သို့သော် တရုတ်ရုပ်ရှင်စျေးကွက်ကို ထိုးဖောက်ရန်အတွက်မူ စိန်ခေါ်မှုများစွာရှိနေသေးကြောင်း၊ တရုတ်မင်းသား၊ မင်းသမီးများကို အီတလီနိုင်ငံသို့ ရုပ်ရှင်လာရောက်ရိုက်ကူးရန် သို့မဟုတ် အီတလီနိုင်ငံထုတ် ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ရန် ကမ်းလှမ်းလိုပါကြောင်း၊ ယင်းသို့ဖြင့် တရုတ်ရုပ်ရှင်စျေးကွက်သို့ အီတလီဇာတ်ကားများ ဝင်ရောက်ထိုးဖောက်ရန် ကူညီပေးကြစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်ပြီး Roberto Stabile က အီတလီဇာတ်ကားများကို တရုတ်ရုပ်ရှင်စျေးကွက်သို့ ထိုးဖောက်လိုပြီး တစ်ချိန်က အီတလီဇာတ်ကားများက တရုတ်ရုပ်ရှင် ပရိသတ်များကို အထူးဆွဲဆောင်ခဲ့ဖူးကြောင်း သိရသည်။

တေးသီချင်းရေးသားမှုအတွက် ဆုချီးမြှင့်ခံရမည့် တေးသံရှင် အဒဲလ်

တေးသံရှင် အဒဲလ်အား ယခုနှစ် Ivor Novello ဆုပေးပွဲတွင် ၎င်း၏ တေးသီချင်းရေးသားမှုအတွက် အသိအမှတ်ပြုမှုတစ်ခု အနေဖြင့် songwriter of the year ဆုကို ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

အဒဲလ်၏ ယမန်နှစ်က အခက်အခဲများကြားမှ အချုပ်ရေ သန်းပေါင်းများစွာ ရောင်းချခဲ့ရသည့် 25 အယ်လ်ဘမ်အတွက် ဂုဏ်ပြုသည့်အနေဖြင့် ယင်းကဲ့သို့ချီးမြှင့်ခြင်းဖြစ်ပြီး ဆုပေးပွဲကျင်းပချိန်တွင် ဆွစ်ဇာလန်နိုင်ငံသို့ ရောက်ရှိနေသည့် သူ့အတွက် ဆုတက်ရောက် လက်ခံရယူရန် မသေချာသေးကြောင်း သိရသည်။

သို့သော်လည်း ဗီဒီယိုမက်ဆေ့ချ်တစ်ခုဖြင့် "အလွန် ကျေးဇူးတင်ပါတယ်။ နောက်ဆုံးတော့ ကျွန်မအနိုင်ယူလိုက်ပါပြီ။ ဒီပျော်ရွှင်မှုဟာ ဘာနဲ့မှမတူပါဘူး။ အခက်အခဲတွေကို ကျွန်မအနိုင်ရလိုက်တာပါ" ဟု ပျော်ရွှင်ကြောင်းဖော်ပြခဲ့သည်။

အဆိုပါ Ivor Novello Awards သည် ကာဒစ်နွယ်ဖွား အနုပညာရှင်တစ်ဦး၏ အမည် Ivor Novello ကိုအစွဲပြုကာ တေးသီချင်းရေးစပ်သီကုံးခြင်းအတွက် ၁၉၉၅ ခုနှစ်မှစတင်ကာ ပြိတိန်တေးရေးဆရာနှင့်စာရေးဆရာများ အကယ်ဒမီက နှစ်စဉ်ချီးမြှင့်သော ဆုအမျိုးအစားတစ်ခုဖြစ်ပြီး ယခုအချိန်ထိ ဆုပေါင်းတစ်ထောင်ကျော် ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မျိုးစဉ်ဘာမောင်-စုစည်းသည်။

၁ရစ္စတယ်ပဲလေ့အား အနိုင်ရရှိခဲ့ပြီး မန်ယူ အက်ဖ်အေဖလားဆွတ်ခူး

မန်ယူအသင်းအား တာဝန်ယူကိုင်တွယ်ရန် မော်ရင်ဟိုစောင့်ဆိုင်းနေ

မန်ယူအသင်းသည် ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလား နောက်ဆုံးပိုလ်လုပွဲတွင် ခရစ္စတယ်ပဲလေ့အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် အက်ဖ်အေဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်သည်။

မန်ယူအသင်းနှင့် ခရစ္စတယ်ပဲလေ့အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါပွဲစဉ်တွင် သာမန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် အချိန်ပို မိနစ် ၃၀ ထပ်မံကစားရာ မန်ယူအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် မန်ယူအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို မာတာနှင့် လင်းဂတ်တို့က သွင်းယူပေးခဲ့ပြီး ခရစ္စတယ်ပဲလေ့အသင်းအတွက်တစ်ဂိုးကိုမူ ပွန်ချီယွန်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းနောက်တန်းကစားသမား စမောလင်းမှာမူ ယင်းပွဲစဉ်တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

ဝင်ဘာလေကွင်းရှိ မန်ယူအသင်းသည် ယခုတစ်ကြိမ် အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် အက်ဖ်အေဖလားရရှိသည့် အကြိမ်ရေ ၁၂ ကြိမ်အထိရှိလာခဲ့ပြီး အာဆင်နယ်အသင်း၏ အက်ဖ်အေဖလားရရှိသည့် စံချိန်နှင့်တူညီသွားခဲ့ပြီ ဖြစ်သည်။

နည်းပြဗန်ဟားလ်၏ မန်ယူအသင်းသည် ပရီမီယာလီဂ်ပြိုင်ပွဲတွင် အဆင့်(၅) နေရာတွင် ရပ်တည်လျက်ရှိပြီး လာမည့် ဘောလုံးရာသီတွင်လည်း ချန်ပီယံလီဂ်ဝင်ခွင့် ရရှိလိမ့်မည်မဟုတ်ကြောင်း သိရသည်။

ထို့ကြောင့် နည်းပြဗန်ဟားလ်သည် ဝေဖန်မှုများခံနေရပြီး မန်ယူအသင်းကလည်း မော်ရင်ဟိုအား အသင်းနည်းပြအဖြစ် ခန့်အပ်တော့မည် ဖြစ်သည်။

အသက်(၅၃)နှစ်အရွယ်ရှိ နည်းပြ မော်ရင်ဟိုသည် မန်ယူအသင်းက ခရစ္စတယ်ပဲလေ့အသင်းအား နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် အက်ဖ်အေဖလား နောက်ဆုံးပိုလ်လုပွဲ မကစားမီအချိန်တွင် မန်ယူအသင်းနှင့်စည်းမျဉ်းအရ သဘောတူညီခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် နည်းပြဗန်ဟားလ်လက်ထက်တွင် ချန်ပီယံလီဂ်ဝင်ခွင့်ရရှိရန် အခွင့်အရေးတစ်ရပ်နှင့် လွဲခဲ့ရခြင်းကြောင့် မန်ယူအသင်းက အပြောင်းအလဲတစ်ခုကို လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ဗန်ဟားလ်၏ မန်ယူအသင်းနှင့်အတူ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက်တမ်းသည် တစ်နှစ်ကျန်ရှိနေသေးကြောင်းလည်း သိရသည်။

မော်ရင်ဟိုသည် ၂၀၁၅ ဒီဇင်ဘာလ ကတည်းက ချယ်လ်ဆီးအသင်း၏ ထုတ်ပယ်ခြင်းကိုခံခဲ့ရပြီး လက်ရှိအချိန်အထိ အသင်းလက်ခဲ့ဖြစ်နေဆဲဖြစ်သည်။ သို့ရာတွင် မန်ယူအသင်းအနေဖြင့် လာမည့်သီတင်းပတ်ထဲတွင် မန်ယူအသင်းသို့ မော်ရင်ဟိုရောက်ရှိလာကြောင်း ထုတ်ပြန်ကြေညာမည်ဟုလည်း ဆိုသည်။

ဆန်းချက်ဇ်ဖလောရက်စ်၏ နေရာတွင် မက်ဇာရီအား နည်းပြသစ်အဖြစ် ဝက်ဖို့ဒ်ခန့်အပ်

ဝက်ဖို့ဒ်အသင်းသည် လက်ရှိနည်းပြ ဆန်းချက်ဇ်ဖလောရက်စ်၏ နေရာတွင် အစားထိုးကာ မက်ဇာရီအား နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်သည်။

နည်းပြ ဖလောရက်စ်သည် ဝက်ဖို့ဒ်အသင်းအား ပရီမီယာလီဂ်မှ တန်းဆင်းမသွားရရေးအကောင်းဆုံး စွမ်းဆောင်ပေးခဲ့သည့်အပြင် အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ ခရစ္စတယ်ပဲလေ့အသင်းအား ရှုံးနိမ့်ခဲ့ခြင်းကြောင့် အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

အသက်(၅၄)နှစ်အရွယ်ရှိ မက်ဇာရီသည် ၎င်း၏ နည်းပြဘဝသမိုင်းတစ်လျှောက်တွင် ဆမ်ဒိုးရီးယားအသင်း၊ အင်တာမီလန်အသင်းနှင့် နာပိုလီအသင်းတို့တွင် နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သည့်အတွေ့အကြုံလည်း ရှိထားခဲ့သူဖြစ်သည်။

လက်ရှိတွင် ဝက်ဖို့ဒ်အသင်းက သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ပြီဖြစ်သောကြောင့် မက်ဇာရီသည် ဝက်ဖို့ဒ်အသင်းအတွက် လေးနှစ်တာကာလအတွင်း ခန့်အပ်ခဲ့သည့် ရှစ်ဦးမြောက် နည်းပြဖြစ်လာတော့မည်ဖြစ်သည်။

နည်းပြမက်ဇာရီအား ဆွမ်ဆီးအသင်း၊ လီဗာပူးအသင်းနှင့် ဆန်းဒါးလန်းအသင်းတို့က နည်းပြအဖြစ် ခေါ်ယူရန်စိတ်ဝင်စားခဲ့သော်လည်း ဝက်ဖို့ဒ်အသင်းက လက်ဦးမှုရယူနိုင်ခဲ့ပြီး ဝက်ဖို့ဒ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလီဂ်အမှတ်ပေးဇယား အဆင့်(၁၃)နေရာတွင် ရပ်တည်နိုင်ခဲ့သည့်အသင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းတွင် ပြန်လည်ကစားရန် အဲဗာတန်တိုက်စစ်မှူး လူကာကူ ငြင်းဆို

အဲဗာတန်အသင်းမှ ဘယ်လ်ဂျီယံကြယ်ပွင့် လူကာကူသည် ၎င်းအနေဖြင့် အဲဗာတန်အသင်း၌သာ ဆက်လက်ကစားရန်ဆုံးဖြတ်ချက်ချထားခဲ့ပြီးဖြစ်သောကြောင့် အသင်းဟောင်းချယ်လ်ဆီးအသင်းတွင် ပြန်လည်သွားရောက် ကစားမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး လူကာကူသည် ယခုနှစ်ဘောလုံးရာသီတွင် အဲဗာတန်အသင်းနှင့်အတူ ပွဲပေါင်း ၄၆ ပွဲပါဝင် ကစားပေးခဲ့ရာတွင် သွင်းဂိုး ၂၅ ဂိုးအထိသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ဥရောပ၏ ထိပ်တန်းအဆင့်ရှိ အသင်းကြီးများ၏ စိတ်ဝင်စားမှုကိုလည်း ခံထားရသူဖြစ်သည်။

လူကာကူအနေဖြင့် အဲဗာတန်အသင်းမှ အခြားကလပ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဆိုပါက ဘိုင်ယန်မြူးနစ်အသင်းကသာ သင့်တော်မည့်အသင်းဖြစ်ကြောင်း လူကာကူ၏ ဖခင်ဖြစ်သူက ပြောကြားခဲ့သည်။ သို့ရာတွင် တိုက်စစ်မှူး လူကာကူကမူ အသင်းပြောင်းရွှေ့ကစားရန်မဆုံးဖြတ်ရသေးကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး လူကာကူသည် ၂၀၁၄ ခုနှစ်အတွင်းက ချယ်လ်ဆီးအသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ လာခဲ့သူဖြစ်ပြီး ပြင်သစ်မြေ၌ ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင်လည်း ဘယ်လ်ဂျီယံအသင်းနှင့်အတူ ပါဝင်လာမည်ဖြစ်ကြောင်းလည်း သိရသည်။

စီးရီးအေနှင့် ကိုပါအီတာလီယာဖလားနှစ်လုံးကို ဆက်တိုက်ဆွတ်ခူးသည့်ပထမဆုံးအသင်း ဂျူဗင်တပ်ဖြစ်လာ

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် ကိုပါအီတာလီယာဖလားနောက်ဆုံးပိုလ်လုပွဲတွင် အေစီမီလန်အသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် စီးရီးအေဖလားနှင့် ကိုပါအီတာလီယာဖလားနှစ်လုံးကို ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်လာခဲ့သည်။

ဂျူဗင်တပ်အသင်းနှင့် အေစီမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ကိုပါအီတာလီယာဖလားပိုလ်လုပွဲတွင် သာမန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း ဂိုးမရှိသရေရလဒ်သာထွက်ပေါ်ခဲ့သော်လည်း အချိန်ပိုမိနစ် ၃၀ ထပ်မံကစားခဲ့ရာတွင် ဂျူဗင်တပ်အသင်းက မိုရက်တာ၏ ပွဲကစားချိန် ၁၁၀ မိနစ်တွင် သွင်းယူခဲ့သည့် သွင်းဂိုးကြောင့် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် လက်ရှိတွင် စီးရီးအေဖလားနှင့် ကိုပါအီတာလီယာဖလားတို့ကို ရယူနိုင်ခဲ့ပြီး ပြီးခဲ့သည့်နှစ်ကလည်း တစ်နှစ်တည်းဖလားနှစ်လုံးရယူနိုင်ခဲ့သည့် အသင်းဖြစ်သည်။ ဂျူဗင်တပ်အသင်းမှာ လာမည့် ဘောလုံးရာသီတွင် ချန်ပီယံလီဂ်ဝင်ခွင့်ရရှိခဲ့သော်လည်း အေစီမီလန်အသင်းမှာမူ စီးရီးအေအမှတ်ပေးဇယားတွင် အဆင့်(၇)၌သာ ရပ်တည်နိုင်ခဲ့ခြင်းကြောင့် ဥရောပဝင်ခွင့်နှင့် လွဲချော်ခဲ့ရသည်။

သုဝဏ္ဏ၌ လာရောက်စွန့်ပစ်ထားသည့် အမျိုးသားအလောင်းနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူအား အချိန်တိုအတွင်း စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်

ရန်ကုန် မေ ၂၂

ရန်ကုန်မြို့၊ သယ်နံးကျွန်းမြို့နယ် သုဝဏ္ဏ၌ လာရောက်စွန့်ပစ်ခဲ့သည့် အမျိုးသားအလောင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူအား အချိန်တို အတွင်း စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သယ်နံးကျွန်းမြို့နယ် သုဝဏ္ဏနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၁၉ ရက် နံက် ၆ နာရီ ၅ မိနစ်ခန့်တွင် သုဝဏ္ဏ(၂၅)ရပ်ကွက် သံသုမာလမ်းနှင့် ပျဉ်းမမြင်လမ်းထောင့်ရှိ ကွမ်းယာဆိုင်ဘေးတွင် မသက်ာ ဖွယ်အထုပ် တစ်ထုပ်တွေ့ရှိကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ အနက်ရောင် မွှေးပွစောင်ဖြင့်ပတ်လျက် ကြိုးများဖြင့်ချည်နှောင်ထားသည့် အထုပ်တစ်ထုပ်ကို တွေ့ရှိရ၍စစ်ဆေးခဲ့ကြောင်း၊ အထုပ်အတွင်း၌ အသက် (၄၀)ခန့် အမျိုးသားတစ်ဦးမှာ ဝဲပါးပြတ်ရှဒဏ်ရာ၊ လည်ပင်းယာဘက်ထိုးသွင်းဒဏ်ရာများ၊ ယာလက်ပြင် ပြတ်ရှ ဒဏ်ရာနှင့် ဝ/ယာ မျက်လုံး၊ နဖူးညိုမည်းဖူးရောင် ဒဏ်ရာများရရှိကာ သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် သုဝဏ္ဏနယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုံစမ်းဖော်ထုတ်ချက်အရ သေဆုံးသူအမျိုးသားနှင့် ပတ်သက်၍ မဂ်လာတောင်ညွှန့်မြို့နယ် ရေတွင်းကုန်း ရပ်ကွက်နေ ဦးဇော်ဇော်(ခ)အဒူရှကူး ဖြစ်ကြောင်းနှင့် ၎င်းသည် အောင်သန်း(ခ)ဖာဇူရာဟာမန် ဆိုသူနှင့် တစ်အိမ်တည်းအတူနေထိုင်ကြောင်း သိရှိခဲ့ရသည်။

ထို့ကြောင့် အောင်သန်း(ခ)ဖာဇူရာဟာမန်အား ခေါ်ယူမေးမြန်းစဉ် ၎င်း၏ယာဘက်လက်ခုံနှင့် ဝဲဘက်ဒူးခေါင်းတို့တွင် ဒဏ်ရာများတွေ့ရှိခြင်း၊ နေအိမ်အား စစ်ဆေးရာ နံရံတွင် သွေးစက်များတွေ့ရှိခြင်း စသည့် မသက်ာဖွယ် အထောက်အထားများ တွေ့ရှိရသဖြင့် မဂ်လာတောင်ညွှန့်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ မေ ၁၈ ရက် ည ၇ နာရီခန့်တွင် အောင်သန်း(ခ)ဖာဇူရာဟာမန်နှင့် သေဆုံးသူ ဦးဇော်ဇော်(ခ)အဒူရှကူးတို့

ပြစ်မှုကျူးလွန်သူ အောင်သန်း(ခ)ဖာဇူရာဟာမန်နှင့် သက်သေခံပစ္စည်းများ

နေအိမ်၌ ထမင်းစားနေစဉ် စကားများပြီး ခိုက်ရန်ဖြစ်ပွားစဉ် အောင်သန်း(ခ)ဖာဇူရာဟာမန်က ကတ်ကြေး၊ ဓားတို့ဖြင့် ထိုး၊ ခုတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူ၏ အလောင်းအား ထုပ်ပိုးကာ မေ ၁၉ ရက် နံနက် ၂ နာရီခန့်တွင် အဌားယာဉ်တစ်စီးဖြင့် သွားရောက် စွန့်ပစ်ထားခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ အောင်သန်း(ခ)ဖာဇူရာဟာမန်(၂၀)နှစ်အား ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကိုရဲ)**

မန္တလေး-မြစ်ကြီးနား ရထားပေါ်မှ ရှေထည်ပစ္စည်းများနှင့် ငွေအိတ် ခိုးယူထွက်ပြေးသူအား ဖမ်းဆီးရမိ

ကောလင်း မေ ၂၂

ရထားရဲတပ်ဖွဲ့ အမှတ်(၂)တပ်ခွဲ ကောလင်းရထားရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကောလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်တို့နှင့်အတူ မေ ၁၇ရက် မွန်းလွဲ ၃ နာရီ မိနစ်၂၀တွင် မူးယစ်ဆေးဝါးသတင်းအရ ကောလင်းမြို့ မြောက်အင်း ရပ်ကွက်ရှိ "ရွှေလဝန်း တည်းခိုခန်း"သို့ ဝင်ရောက်ရှာဖွေရာ ၎င်းတည်းခိုခန်း အခန်းအမှတ်(၂၁၁) တွင် တည်းခိုနေထိုင်လျက်ရှိသော ဝန်းသိုမြို့နေသူ ထိုက်ထိုက်အောင်(ခ) အိတာနှင့် သန်းတိုးအောင်တို့ နှစ်ဦးအား ဘိန်းဖြူ အလေးချိန်(၀.၂၅)ဂရမ်ခန့်နှင့် ငွေ ၂၀၀၀၀၀ တို့ဖြင့် စစ်ဆေးတွေ့ရှိ၍ ကောလင်းမြို့မရဲစခန်း မယ(ပ)၂၄/၂၀၁၆၊ မူး/စိတ်ပုဒ်မ ၁၅/၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၇ရက်က အမှတ် (၃၃) အဆန် မန္တလေး- မြစ်ကြီးနား အထူး အမြန်ရထား ဝန်းသိုမြို့နယ် ကင်းဘူတာသို့ ရောက်ရှိရပ်နားစဉ် ၎င်းရထား အထူးတန်းအိပ်ခန်းတွဲ(D) တွင် စီးနင်းလိုက်ပါလာသော ခရီးသည် ဦးကျော်မြင့်လှိုင်နှင့် ဇနီးဖြစ်သူ ဒေါ်ကြည်စိန် ကိုင်ဆောင်ထားသည့် ဆွဲကြိုးနှစ်ကုံး၊ လက်စွပ်သုံးကွင်း၊ ရွှေဆံညှပ်တစ်ခု၊ လက်ကိုင်ဖုန်းနှစ်လုံး၊ ဘဏ်စာအုပ်တစ်အုပ်၊ နိုင်ငံသားစိစစ်ဆေးကတ်ပြားနှစ်ခု၊ ရထားလက်မှတ်သုံးစောင်၊ စပို့ရှပ်လက်တိုအကျၤ တစ်ထည်၊ ဂျင်းဘောင်ဘီတစ်ထည်၊ ငွေစက္ကူရောရာ ၁၇ သိန်း စုစုပေါင်းတန်ဖိုး ၄စသိန်းပါသည့် အိတ်တစ်လုံးကို အမျိုးသားတစ်ဦးက ဆွဲယူထွက်ပြေးခဲ့၍ ဝန်းသိုမြို့မရဲစခန်း (ပ)၂၂/၂၀၁၆ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၉ (နှိုက်) အမှုဖြင့် ရထားရဲတပ်ဖွဲ့ အမှတ်(၂)တပ်ခွဲ၊ ကောလင်းမှ တပ်ခွဲမှူး ဒုရဲမှူး သန်းဌေးနှင့် အဖွဲ့မှ စစ်ဆေးဆောင်ရွက်ခဲ့ရာ ထိုက်ထိုက်အောင်(ခ)အိတာမှာ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် သက်သေခံပစ္စည်းများ သိမ်းဆည်းဆောင်ရွက်ခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ငွေစုစာအုပ်၊ ၎င်းရောင်းချခဲ့သော ရွှေဆိုင်များမှ အရည်ကျိုထားသည့် ရွှေအခဲ အလေးချိန်တစ်ကျပ်ခွဲသားခန့်နှင့် ရရှိသော ငွေများဖြင့် ဝယ်ယူထားရှိသည့် CAUTIONS 125 I အမျိုးစားဆိုင်ကယ်တစ်စီး၊ ငွေကျပ် ၁၂၈၀၀၀ ခန့် တန်ဖိုးရှိ အဝတ်အထည်ပစ္စည်း ၁၄ မျိုးတို့ကို ပြန်လည်သိမ်းဆည်းရမိခဲ့သဖြင့် ထိုက်ထိုက်အောင်(ခ) အိတာကို ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

ဝန်းသိုမြို့မရဲစခန်း(ပ)၂၂/၁၆ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉(နှိုက်) အမှုမှ ပြစ်မှုကျူးလွန်သူနှင့်သက်သေခံပစ္စည်းများ သိမ်းဆည်းရမိစဉ်။

ပုညာရာမ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်ကြီး ၏
နှစ်စဉ်ကျင်းပမြဲ (၁၄)ကြိမ်မြောက် ဝါတွင်းအထူးရက်(၁၀၀)တရားစခန်းပွဲကြီး
ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်(၉)ရပ်ကွက်၊နဝရတ်လမ်း ပုညာရာမ မိုးကုတ် ဝိပဿနာကျောင်းတိုက်ကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ ကိုခံယူလျက် ဆရာတော် "အရှင်ပုညာနန္ဒ"၏ဥာဏ်မီသမျှ ဟောကြားတော် မူခဲ့သောခန္ဓာဥာဏ်ရောက်သစ္စာဆိုက်တရားတော်များ၊အလုပ်ပေးတရားတော်များနှင့်တကွ နယ်လှည့်ခရီးတဆရာတော်ကြီးများဟောကြားတော်မူသော သစ္စာတရားတော်များကို နာယူမှတ်သားကာ ဝိပဿနာတရားများ ရက်ရှည်ကျင့်ကြံပွားများ အားထုတ်နိုင်ရန်အတွက်ဘုန်းဘုန်းကြီးဘဒ္ဒန္တဝိစာရမှ(၁၃-၇-၂၀၁၆)မှ(၂၃-၁၀-၂၀၁၆)နေ့အထိ ကျင်းပ ကုသိုလ်ပြု သွားမည်ဖြစ်ရာ မိမိတို့စွမ်းနိုင်သမျှ ကျင့်ကြံအားထုတ်လိုသောသူတော်စင်ယောဂီများ လိုအပ်သောအချက်အလက် စုံလင်စွာ ဖြင့် မိမိတို့ဝင်ရောက်ကျင့်ကြံအားထုတ်လိုသောအမြဌာန်ထားသောရက်များအလိုက်ကို(၁.၆.၂၀၁၆)နေ့မှ (၁၀.၆.၂၀၁၆)နေ့အထိသာ ကြိုတင်စာရင်းသွင်းခြင်းကိုလက်ခံပေးသွားမည်ဖြစ်ပါသည်။
သူတော်စင်ဦးရေ (၃၅၀)ဦးမျှသာလက်ခံမည်ဖြစ်ပါသည်။
ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ နှစ်စဉ်ဝါဆိုသတ်နန်းဆက်တစ်လျှောဒါန်းပွဲကို ပုညာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဝေနေ နာယကဆရာတော် ခမည်းတော်ကြီး ဘဒ္ဒန္တဝိစာရ၏ (၈၀) နှစ်ပြည့် မွေးနေ့ (၁၉-၇-၂၀၁၆) တနင်္ဂနေ့ ဝါဆိုလပြည့်(ဓမ္မစေတီကြာနေ့)တွင် သံဃာတော် အရှင်မြတ် (၈၀) ပါးတို့အား လျှုဒါန်းဆက်တပ် တုသိုလ်ပြုသွားမည်ဖြစ်ပါသည်။
(၁၃.၆.၂၀၁၆) မှ (၂၃.၆.၂၀၁၆)အထိ လစဉ်ပုံမှန် (၁၀)ရက်တရားစခန်းပွဲလည်းရှိပါသည်။
အသေးစိတ်သိရှိလိုပါလျှင်-
ဖုန်း-၀၁-၅၅၃၃၃၀၊၀၁၅၅၃၃၀၇၂၂၀၉၅၅၀၁၀၃၂၂၀၇၂၉၇၊၀၉၉၈၆၁၀၇၀၀သို့ဆက်သွယ် စုံစမ်းနိုင်ပါသည်။
ပုညာရာမမိုးတုတ်ဝိပဿနာကျောင်းတိုက်

ကျော်
ရသုံးခန့်မှန်းခြေ (မိခစခ)ရေးမျှုး-၂)
ဆေးဘက်ကျွမ်းကျင်(၄)ဓာတ်မှန် ရာထူးများဝင်ခွင့်
ဘဲ(၇) ပထမ၊ ပဟာဝန်ရွှေလမ်း၊ ဒုဂ-လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား
Ph: 09421042332, 01-391533, 01-246288
ရောခြေ နှတ်ခြေ အရေးယူတာအုပ် (သစ္စာပန်)ကျော်သွင်ထယ်ယူနိုင်သည်။

MYANMAR
အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်း
နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံ ဖိတ်ကြားလွှာ

အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်းသည် မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ဖြင့် တိုးတက်မှုအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေသည်ဖြစ်ရာ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းညွှန်းဆင်ရန်နှင့် အလုပ်အမှုဆောင်အဖွဲ့တိုးချဲ့ပြင်ဆင် ဖွဲ့စည်းသွားရန်အတွက် အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည် အသင်းသား ဦးညီ ညီလာခံအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ အသင်းသားအားလုံး ဝေယျာဝစ္စကိစ္စ တက်ရောက် ခိုးမြင့်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် ။ ၂၅-၆-၂၀၁၆ (စနေနေ့)
ကျင်းပမည့်နေရာ ။ နံနက် (၈း၀၀နာရီမှ၁း၀၀နာရီ)အထိ
ကျင်းပမည့်နေရာ ။ ။ မင်္ဂလာနန်းမ၊ UMFCCI
အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

RSVP ; ipamyanmar14@gmail.com, Ph ; 09 798433183

အလုပ်အမှုဆောင်အဖွဲ့
အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်း

ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
၂၀၁၆-ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆
(၂၀၁၅-ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇ မှ ဆက်နွယ်သည်)
ဦးနေမျိုးမြတ်ကို နှင့် ဦးစည်သူကျော်
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးစိုးမိုးမြတ်ကို)
(အနိုင်ဒီကရီရသူ) (တရားနှိုး)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၄)လမ်း၊ အမှတ်-၁၁၉၆ နေ ဦးစည်သူကျော် (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

၂၀၁၅-ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇ တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးနေမျိုးမြတ်ကို (၎င်း၏အခွင့်ရကိုယ်စားလှယ်-ဦးစိုးမိုးမြတ်ကို)က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ (၁၃၇၈-ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ ခုနှစ်၊ မေလ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

တင်အောင်
တွဲဖက်မြို့နယ်တရားသူကြီး

ကလေးများအတွက် တစ်နှစ်ပတ်လုံးဖွင့်မည့် Regular English Courses For Young Learners
(၁)တန်းမှ (၉)တန်းကလေးများ အတွက် Level-၅ ဆင့်ခွဲ၍ ထိရောက်စွာသင်ကြားမည့် 4-Skill English သင်တန်းများ
Sat+Sun(တစ်ပါတ် ၂ ရက်) 9:30 to 11:30 a.m. June 4 စပါမည်။
ဝင်ကြေး - ၅၀၀၀/-
လစဉ်ကြေး - ၂၀၀၀၀/-
(မြို့လယ်ကျောင်း)
Ph: 202046,392048, 256954
BASIC ENGLISH SPEAKING
1 - 2:30 (Mon~Thurs) 1 Jun
10-11:30 (Mon~Thurs) 13 Jun
3:30 - 5 (Mon~Thurs) 20 Jun
9 - 12:00 (Sat + Sun) 25 Jun
BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon~Thurs) 23 May
1 - 2:30 (Mon~Thurs) 30 May
6 - 7:30 (Mon~Thurs) 30 May
10-11:30 (Mon~Thurs) 1 Jun
3:30 - 5 (Mon~Thurs) 1 Jun
1 - 4:00 (Sat + Sun) 12 Jun
BASIC WRITING
7:30 - 9 (Mon~Thurs) 6 Jun
PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon~Thurs) 23 May
3:30 - 5 (Mon~Thurs) 30 May
10-11:30 (Mon~Thurs) 1 Jun
12 - 3:00 (Sat + Sun) 4 Jun
1 - 2:30 (Mon~Thurs) 6 Jun
INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 30 May
3:30 - 5 (Mon~Thurs) 6 Jun
VOCAB ENRICHMENT
10-11:30 (Mon~Thurs) 23 May
1 - 2:30 (Mon~Thurs) 30 May
BASIC GRAMMAR
10-11:30 (Mon~Thurs) 13 Jun
INTERMEDIATE WRITING
10-11:30 (Mon~Thurs) 13 Jun
BASIC ENGLISH SPEAKING
3:30 - 5 (Mon~Thurs) 30 May
7:30-10:30 (Sat + Sun) 5 Jun
7:30 - 9 (Mon~Thurs) 20 Jun
BASIC GRAMMAR
7:30-10:30 (Sat + Sun) 29 May
PRE-INTERMEDIATE (4-SKILL ENGLISH)
12 - 3:00 (Sat + Sun) 29 May
7:30 - 9 (Mon~Thurs) 6 Jun
6 - 7:30 (Mon~Thurs) 6 Jun
IELTS (Preparation)
1 - 3:30 (Mon~Thurs) 6 Jun
IELTS (Speaking)
7:30 - 9 (Mon~Thurs) 6 Jun
IELTS (Writing)
7:30-10:30 (Sat + Sun) 11 Jun
BASIC FOUR SKILLS ENGLISH
7:30-10:30 (Sat + Sun) 4 Jun
1:30 - 4:30 (Sat + Sun) 5 Jun
3:30 - 5 (Mon~Thurs) 6 Jun
10-11:30 (Mon~Thurs) 13 Jun
INTERMEDIATE (ACADEMIC ENGLISH)
4:30-7:30 (Sat + Sun) 18 Jun
IELTS (Preparation)
4:30-7:30 (Sat + Sun) 4 Jun
IELTS (Writing)
12:30-3:30 (Sat+Sun) 28 May
IELTS (Reading)
1 - 3:00 (Mon~Thurs) 6 Jun
IELTS (Grammar)
10-11:30 (Mon~Thurs) 20 Jun
ဆရာအာသာ SUCCESS Language Academy
တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှုဆန်းယင်တိုက်)
Ph: 01-503472, 09 73001453, 09 30775232
အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးစျေးလမ်း

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရွှေကြာယံအမ်ရား၊မြေတိုင်းဆင့်ကွက်အမှတ်(၃၃-အေ)မှမြေကွက်အမှတ်(၃၂)၊ဧရိယာ(၀.၁၇၆)ကေရှိ၊ဦးထွန်းနိုင်(အမျိုးသားမှတ်ပုံတင်အမှတ်-၁၂/မရက(နိုင်)၀၁၀၈၇၁)ကိုင်ဆောင်သူ၏အမည်ပေါက်ပါမစ်မြေကိုကျွန်ုပ်တို့၏ပိတ်ဆွေဒေါ်သီတာအောင်(၉/မကန(နိုင်)၀၇၂၆၁)က အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်သည့် အတွက်ပါမစ်မြေကိုဂရန်အမည်ပေါက်လျှောက်ထားမည်ဖြစ်ပါသည်အဆိုပါကိစ္စမှာ်ပတ်လက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည်နေ့မှစ၍(၇)ရက်အတွင်းနိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက၀ရန်အမည်ပေါက်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများ သိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲဆင်ညွှန်ကြားရေးဌာနအရ -
Hlaing International Law Firm
ဦးသိန်းလွင် (LL.B) ဦးမင်းဖိုလ်မြင့် (စဉ်-၃၃၃၆၉) ဒေါ်စန္ဒာထွန်း (စဉ်-၄၅၅၄၀)
(စဉ်-၄၁၂၂) ဒေါ်ရီမြားဝင်းဝင်း (စဉ်-၄၆၀၀၃) ဒေါ်နိုင်နိုင်ထွန်း (စဉ်-၄၆၀၇၀၆)
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ်(၅၅)၊အခန်း(၂၅)၊ပထမထပ်မဟာဗျိုဟ်လမ်းနှင့်ဦးလမ်းကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃ရ၉၃၇၁၀၁-၅၂၂၅ရ၆၊၀၉ ၄၃၀၀၀၄၅၁၁၀၊ ၀၉ ၅၁၅၅၆ကြား

ရက် ၁၀၀ အတွင်း ရေကြောင်းပို့ဆောင်ရေး ကဏ္ဍတွင် ပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းရေး အသိပညာပေးဆွေးနွေး

မြိတ် မေ ၂၂

ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနက ရက် ၁၀၀ လုပ်ငန်းစဉ်များမှ ပိုးကြိုကာလ အတွင်း ပြည်သူများ ရေကြောင်းခရီးသွားလာရာတွင် ဘေးအန္တရာယ်မဖြစ်ပွားစေရေး၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရေးနှင့် ဘေးကင်းလုံခြုံမှု ပိုမိုရရှိစေရေးအတွက် မေ ၂၀ ရက် နံနက် ၁၀ နာရီခွဲက မြိတ်မြို့ ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမတွင် ခရီးသွားပြည်သူများ၊ ရေယာဉ်မောင်းနှင်သူများ၊ ရေယာဉ်ပိုင်ရှင်များအားတွေ့ဆုံ၍ အသိပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အသိပညာပေး ဆွေးနွေးပွဲတွင် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး(အောက်မြန်မာပြည်) ဦးသော်ကမှ ရေကြောင်းခရီးသွားလာရာတွင် ခရီးသွားပြည်သူများ၊ ရေယာဉ်မောင်းနှင်သူများ၊ ရေယာဉ်ပိုင်ရှင်များအား ဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ဆိုးရွားသော ရာသီဥတု ကာလများတွင် ပြေးဆွဲခုတ်မောင်းနေသော ရေယာဉ်များအနေဖြင့် တိကျစွာ လိုက်နာဆောင်ရွက်ရမည့် သတိပေးချက်များကို အကျယ်တဝင့် အသိပညာပေး ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(စက်မှုနှင့်သင်္ဘောစစ်ဆေးရေး) ဦးဖုန်းမိုက ရေယာဉ်တည်ဆောက်မှု အခြေအနေများအကြောင်းကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်လွင်ထွေးက ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျပြေးဆွဲရေး နည်းဥပဒေနှင့်လုပ်ထုံးလုပ်နာများ၊ အပူပိုင်းမုန်တိုင်းဖြစ်ပေါ်မှုနှင့် မုန်းတိုင်းအတွင်း ရေယာဉ်မောင်းနှင်မှုနှင့် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်သင့်သည်များကို အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နိုင်ထူး (မြိတ်)

ရက် ၁၀၀ စီမံချက်ဖြင့် ရေစီးရေလာကောင်းမွန်ရေး ရန်ကုန်-အင်းစိန်လမ်းမကြီး၌ ဆောင်ရွက်

ရန်ကုန် မေ ၂၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နမိတ် မြောက်ပိုင်းခရိုင်လှိုင်မြို့နယ်၌ ပထမရက် ၁၀၀ စီမံချက်ဖြင့် ရေစီးရေလာကောင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်က မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးမြင့်ဝင်း၏ ကြီးကြပ်မှုဖြင့် အမှတ် ၁၂ ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီးတစ်လျှောက်ရှိ ရေနုတ်မြောင်းအတွင်း ပိတ်ဆို့အမှိုက်များ အား ဆယ်ယူရှင်းလင်းနေကြောင်းယင်းလုပ်ငန်းခွင်မှ မြို့နယ်စည်ပင်သာယာလက်ထောက်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းက ပြောသည်။

"အခုဆောင်ရွက်နေတဲ့ ရန်ကုန်-အင်းစိန်လမ်းမကြီး ရေနုတ်မြောင်းက ဓမ္မသုခလမ်း ရေနုတ်မြောင်းကတစ်ဆင့် ပိတောက်ချောင်းထဲကို စီးဝင်သွားမှာပါ။ မနေ့က မိုးရွာလိုက်တော့ မြောင်းထဲကအမှိုက်တွေက ရေနဲ့မျောပါလာပြီး ရန်ကုန်-အင်းစိန်လမ်းမကြီးနဲ့ ဓမ္မသုခလမ်းကို ဆက်သွယ်ထားတဲ့ မြေအောက်ကွန်ကရစ်ဖြတ်မြောင်းအရောက် မြောင်းထဲမှာ ရေပိုက်တွေသွယ်တန်းထားတော့ အမှိုက်တွေကို ဟန့်တားထားသလိုဖြစ်ပြီး ပိတ်ဆို့ကုန်တယ်"ဟု ၎င်းက အမှိုက်ပိတ်ဆို့မှုဖြစ်စဉ်ကို ရှင်းပြသည်။

အဆိုပါလှိုင်မြို့နယ်သည် ရပ်ကွက်ကြီး ၁၆ ရပ်ကွက်ဖြင့် စုဖွဲ့ထားသည်။ မြို့နယ်နယ်နိမိတ်အတွင်း ကမာရွတ်ချောင်း၊ ချောင်းဝချောင်း၊ ပိတောက်ချောင်း၊ သမိုင်းချောင်းတို့ ဖြတ်သန်းစီးဆင်းနေပြီး ယခုဆောင်ရွက်နေသော ရန်ကုန်-အင်းစိန်လမ်းမကြီးအပါအဝင် အမှတ်(၄၊ ၅၊ ၇၊ ၉၊ ၁၁၊ ၁၂ ၁၃)ရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းများမှ ရေများသည် ပိတောက်ချောင်းသို့ စီးဝင်သွားကြောင်း သိရသည်။

မောင်သုည

ရက် ၁၀၀ စီမံချက်အတွင်း အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲ ဘားအံ၌ ကျင်းပ

ဘားအံ မေ ၂၂

ကရင်ပြည်နယ် ဘားအံမြို့တွင် အစိုးရသစ်လက်ထက် ထုတ်ပြန်ခဲ့သော အလုပ်သမားဥပဒေများကို အလုပ်ရှင်များ၊ မန်နေဂျာများ၊ အလုပ်သမားများ သိရှိလိုက်နာနိုင်ရေးအတွက် ရက် ၁၀၀ စီမံချက်အတွင်း အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲကို မေ ၂၀ ရက်နံနက် ၉ နာရီ ၄၅ မိနစ်က ဟိုတယ်ဇွဲကပင် Vandawagiri Hall ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးတက်ရောက်အမှာစကားပြောကြားပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်ကဦးစီးဌာန၏ စည်းကြပ်သောဥပဒေများကိုလည်းကောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်ငြိမ်းက ၎င်းတို့ဆောင်ရွက်သည့် ဥပဒေများကိုလည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ရုံးပြည်နယ်မှူးဦးဝင်းဦးက လူမှုဖူလုံရေးဥပဒေကိုလည်းကောင်း၊ အလုပ်သမားရေးရာဦးစီးဌာန ပြည်နယ်တာဝန်ခံ ဒေါ်ဥမ္မာမော်က အလုပ်သမားပြဿနာ ဖြေရှင်းဆောင်ရွက်မှုများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းဇော်အောင်က ရက် ၁၀၀ စီမံချက်အတွင်း ဆောင်ရွက်မှုများကိုလည်းကောင်း အသီးသီး အသိပညာပေးဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထိုဆွေးနွေးပွဲသို့ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖူး(လ်)တက်(စ်)သိုးမွေးစက်ရုံနှင့် Sun April အထည်ချုပ်စက်ရုံ၊ တန် ၉၀၀ နှင့် တန် ၄၀၀၀ ဘိလပ်မြေစက်ရုံ၊ ဘဏ်လုပ်ငန်း၊ ကုန်တင်ကုန်ချ၊ ဟိုတယ်လုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်းများ၊ စာသောက်ဆိုင်လုပ်ငန်းများမှ အလုပ်ရှင်နှင့်အလုပ်သမားများ စုစုပေါင်းအင်အား ၂၅၀ခန့် တက်ရောက်ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အယ်နီညိုရာသီဥတုအကြောင်း အသိပညာပေးဟောပြော

မြဝတီ မေ ၂၂

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကွင်းကလေးကျေးရွာတွင် ကျေးရွာရှိ တောင်သူများအား ရက် ၁၀၀ အတွင်းဆောင်ရွက်ရမည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့် အယ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် မေ ၂၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး ရက် ၁၀၀ အတွင်းဆောင်ရွက်ရမည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် အယ်နီညိုရာသီဥတုအကြောင်း အသိပညာပေးဟောပြောကြရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းရီက အယ်နီညိုရာသီဥတု ဖြစ်ပေါ်မှုအပေါ် ကြုံတွေ့လာနိုင်သည့် ရာသီဥတုအခြေအနေ၊ ကြိုတင်ပြင်ဆင်ထားရန်နှင့် သီးနှံပုံစံပြောင်းလဲစိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး၊ ခရိုင်မြေ၊ မျိုး၊ ပိုးတာဝန်ခံများ၊ စိုက်ညှိအဖွဲ့ဝင် ဌာနဆိုင်ရာများက မိမိတို့ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ကျေးရွာနေ တောင်သူများနှင့် ပြည်သူ ၁၄၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ရက် ၁၀၀ စီမံချက်အရ မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြော၍ လက်တွေ့မီးငြိမ်းသတ်ခြင်းသရုပ်ပြသ

နေပြည်တော် မေ ၂၂

နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် ဒဂ္ဂီဏာသီရိမြို့နယ် မီးသတ်ဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ဆောင်ရွက်မှုတစ်ရပ်အဖြစ် မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြပွဲ အခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက ဒဂ္ဂီဏာသီရိစျေးခ၌ ကျင်းပရာ မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က စျေးမီးဘေးလုံခြုံရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး အငယ်တန်း အင်ဂျင်နီယာ-၂ ဦးခိုင်မင်းဦးက လျှပ်စစ်ကြောင့် မီးလောင်မှုများ မဖြစ်ပွားစေရေး ကြိုတင်ဆောင်ရွက်ထားသင့် သည်များကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကောင်းမြတ်နောင်က မီးလောင်မှုဖြစ်ပွားရခြင်း၏ အခြေခံသဘောတရားများ၊ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အခြေခံအချက်အလက်များနှင့် မီးသတ်ဆေးဘူးအသုံးပြုပုံ အဆင့်ဆင့်တို့ကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားကြသည်။

ထို့နောက် စျေးသူစျေးသားများအား မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်မှုစွမ်းရည်များကို သရုပ်ပြသခဲ့ကြသည်။

ဒဂ္ဂီဏာသီရိမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ရက် ၁၀၀ စီမံချက်အရ ဟိုတယ်များ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စျေးများကို မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်း၊ တစ်အိမ်တက်ဆင်းစစ်ဆေးခြင်းများကို အရှိန်အဟုန်မြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းဝင်း

တောင်ငူမြို့တွင် ရက် ၁၀၀ အတွင်း မှုခင်းကျဆင်းရေး အသိပညာပေးဆောင်ရွက်

တောင်ငူ မေ ၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်တွင် ရက် ၁၀၀ အတွင်း မှုခင်းကျဆင်းရေးအတွက် ရဲတပ်ဖွဲ့ဝင် အင်အားအသုံးပြုကာ လှည့်ကင်း၊ ဝပ်ကင်းများဖြင့် ပိတ်ဆို့ရှာဖွေဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း တောင်ငူခရိုင်ရဲတပ်ဖွဲ့ ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးစန်းစန်းဝင်းထံမှ သိရသည်။

"ရက် ၁၀၀ အထူးစီမံချက်ဖြင့် မှုခင်းကျဆင်းရေးလုပ်ငန်းတွေကို သိသိသာသာ ကျဆင်းစေရန် လိုအပ်တဲ့ ရဲတပ်ဖွဲ့အင်အားကို အသုံးပြုပြီး ဌာနဆိုင်ရာအချင်းချင်း ချိတ်ဆက်ကာအများပြည်သူရဲ့ ပူးပေါင်းအားကိုယူပြီး ဆောင်ရွက်နေပါတယ်။ ရက် ၁၀၀ စီမံချက်မှ အစပြု၍ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်နဲ့ အသွင်သဏ္ဌာန်ပြောင်းလဲခြင်းနှင့်အတူ အနှစ်သာရတိုးတက်ဆောင်ရွက်သွားမှာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုအခါ တောင်ငူမြို့ပေါ်တွင် လက်နက်ပုန်း မူးယစ်ဆေးဝါး၊ လောင်းကစားများ ပိတ်ဆို့ရှာဖွေဖမ်းဆီးခြင်းနှင့် ဖြစ်ပွားခဲ့သော အမှုကြီးများကိုဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး တောင်ငူခရိုင်အတွင်းမှ လက်နက်ပုန်း ခြောက်မှု၊ လောင်းကစား လေးမှု၊ ယစ်မျိုး ၁၈ မှုတို့ကို မေ ၁ ရက်မှ မေ ၁၉ ရက်အထိ ရှာဖွေဖမ်းဆီးခဲ့ကြောင်း ဖြစ်ပွားခဲ့သော အမှုကြီးခုနစ်မှုတွင် အမှုကြီးခြောက်မှုအား ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

စိုင်းလူမင်း (မိဒီယာဂရု)

ကြေးမုံ
၂၃၊ ၂၀၁၆ (တနလာနေ့)

ပြည်သူ့အတွက် ပထမ ရက် ၁၀၀ ၁၇

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရအဖွဲ့သည် နိုင်ငံတာဝန်များကို စပြီလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်နေပြီဖြစ်သည်။ နိုင်ငံတာဝန်စတင်တာနဲ့ယူထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဏက်ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သော အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနများသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူသိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။

ကုမ္ပဏီမှတ်ပုံတင်ကြေးပြောင်းလဲပြင်ဆင်ရေးနှင့် ကျပ်သိန်းတစ်သောင်းချီးမြှင့်မည့် အောင်ဘာလေ ၅၀၀ ကျပ်တန်ထီစနစ် တိုးချဲ့နိုင်ရေးများပါဝင်မည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်

သတင်းဆောင်းပါး - ဆုနင်းလဲ့

သွင်းကုန်လုပ်ငန်းများအား Online Program ဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

ပြည်တွင်းအွန်မားဦးစီးဌာနမှ ကျပ် ၅၀၀ တန် အမျိုးအစားထိလက်မှတ်ကို တိုးချဲ့ထုတ်ဝေသွားမည်ဖြစ်ပြီး ဆုကြေးငွေ ကျပ်သိန်းတစ်သောင်း ချီးမြှင့်မည်ဖြစ်သည်။

လက်ရှိအစိုးရလက်ထက်တွင် ယခင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဟူ၍ ပေါင်းစည်းဖွဲ့စည်းလိုက်သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် မေလ ၁ ရက်မှ သြဂုတ်လ ၈ ရက်နေ့အထိ ပြည်သူများ လက်တွေ့ရရှိခံစားနိုင်မည့် လူမှုစီးပွားတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူလူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှုများနှင့် မြန်ဆန်သည့်အောင်မြင်မှု Quick Win ရရှိစေရန် ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံကိန်းမူဝါဒနဲ့ ဘဏ္ဍာရေးမူဝါဒတွေကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရေးစီမံကိန်းတွေနဲ့ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နိုင်ငံတကာအဆင့်မီ စာရင်းအင်းစနစ်တည်ဆောက်ရေးနဲ့ အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်တဲ့စာရင်းအင်းတွေ ရရှိအသုံးပြု နိုင်ရေး၊ နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးမှု အတွက် ပြည်ပငွေကြေးနဲ့ နည်းပညာအကူအညီ အထောက်အပံ့ဝေရရှိရေး၊ ဖွံ့ဖြိုးမှုမိတ်ဖက်တွေ၊ အစိုးရမဟုတ်တဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပြည်ပနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်နေပါတယ်"ဟု စီမံကိန်းနှင့်ဘဏ္ဍာရေးနဲ့ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောသည်။

ထို့အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများ တိုးတက်မြင့်မား စေရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာ စေရေးတို့တွင် နိုင်ငံတော်နှင့် ဝန်ကြီးဌာနများ၏ မူဝါဒများနှင့်အညီ ဆောင်ရွက်သွားမည်ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

နိုင်ငံပိုင် စက်ပစ္စည်းများ၊ မော်တော်ယာဉ်များ စွမ်းအားပြည့်အသုံးပြုနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကာ နိုင်ငံတော်က ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့သည့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာမှတ်တမ်းများ၊ သမိုင်းဝင်မှတ်တမ်းများ၊ မော်ကွန်းများကို လွဲပြောင်းလက်ခံရယူရေးဆောင်းခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး အားထားရသည့် မော်ကွန်း တိုက်အဖြစ် ရပ်တည်ဆောင်ရွက်နိုင်ရေးကို ဆောင်ရွက်သွားမည်ဟု သိရသည်။

နိုင်ငံတော်၏လိုအပ်ချက်အရ ဝန်ကြီးဌာနအနေဖြင့် ဦးစားပေးကဏ္ဍအလိုက် အသုံးစရိတ် ခွဲဝေလျာထားသတ်မှတ်ရေးကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ စီးပွားရေးဆန်ဆန် ဆောင်ရွက်စေရေးနှင့် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် အသုံးစရိတ် ပိုမိုခွဲဝေပေးခြင်းတို့မြင်ရ အရင်းအမြစ်များ အကျိုးရှိဆုံး ခွဲဝေအသုံးချဆောင်ရွက်ရေးကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းအပြင် လက်ရှိတွင် ခေတ်စနစ်နှင့် လျော်ညီသော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်လာစေရေး၊ ပြည်တွင်းငွေချေးစာချုပ် ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေး၊ လှည့်လည်သည်းစွဲငွေများမှ ရင်းနှီးမြှုပ်နှံငွေအဖြစ် ပြောင်းလဲစေခြင်းဖြင့် ငွေဖောင်းပွမှုနှုန်းကို လျော့ကျစေရန်နှင့် ငွေချေးစာချုပ်များကို ကာလရှည်၊ ကာလလတ် စသည်ဖြင့် အမျိုးအစား အမျိုးမျိုးတိုးချဲ့ထုတ်ဝေရေးတို့ကို လည်း စီမံဆောင်ရွက်သွားမည်ဟု သိရသည်။

"အခွန်ရင်ခွဲနဲ့ GDP အချိုးတိုးတက်စေဖို့နဲ့ နိုင်ငံတကာစံနှုန်းနဲ့ကိုက်ညီတဲ့ အခွန်စနစ်ဖြစ်လာစေဖို့အတွက် အခွန်ရုံးမှ စည်းကြပ်တဲ့ စနစ်ကနေ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်တဲ့စနစ်ကို ကူးပြောင်းဆောင်ရွက်ရေး၊ ရှင်းလင်းလွယ်ကူတဲ့ အကောက်ခွန်လုပ်ထုံးလုပ်နည်းတွေနဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေဖို့ ရသင့်ရထိုက်တဲ့အခွန်ငွေတွေ ပြည့်ဝစွာ ရရှိစေရေးနဲ့ ပြည်သူတွေကို ပိုမိုထိရောက် လွယ်ကူလျင်မြန်တဲ့ ဘဏ်ဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် ဝန်ဆောင်မှုလုပ်နည်းတွေကို အဆင့်မြှင့်တင်ဆောင်ရွက်သွားဖို့နဲ့ ပြည်ပအဆက်အသွယ်ဘဏ်များနဲ့ ပူးပေါင်းဆောင်ရွက်သွားရေး၊ အာမခံဈေးကွက် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းလာစေရေးနဲ့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်း ဆောင်ရွက်နိုင်စေရေးတဲ့ မူဝါဒတွေကိုချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာပါ"ဟု ပြည်ထောင်စု ဝန်ကြီးက ပြောသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးကြီးဌာနအနေဖြင့် နှစ်စဉ် အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေတွေကို ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုချက် ရယူပြီးထုတ်ပြန်ပေးနေသည်ဟု သိရသည်။

အစိုးရသစ်အနေဖြင့် ပြည်သူကိုဗဟိုပြုပြီး ပြည်သူလူထုအတွက် Quick Win ရရှိနိုင်မည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွား မည်ဟုသိရပြီး လုပ်နိုင်သည့် Capacity အတွင်း Direct Effect၊ Indirect Effect ရရှိနိုင်မည့်လုပ်ငန်းများကို ဦးစားပေးလုပ် ဆောင်သွားမည်ဟု ပြည်ထောင်စုဝန်ကြီး၏ ပြောကြားချက်အရ သိရသည်။

"ကျွန်တော်တို့ဌာနမှာ Servicing ပေးနေတဲ့ လုပ်ငန်းတွေရှိသလို ပြည်သူနဲ့ တိုက်ရိုက်မထိတွေ့တဲ့လုပ်ငန်းတွေကိုလည်း Long-term အကျိုးခံစားခွင့်ရရှိအောင် လုပ်ဆောင်နေပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ရက် ၁၀၀ အတွင်း ပြည်သူလူထုအတွက် Quick Win ရရှိနိုင်မယ့် လုပ်ငန်းစဉ် (၇) ရပ်ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ဌာန၊ အဖွဲ့အစည်း စုစုပေါင်း ၁၈ ခုရှိပြီး သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် နိုင်ငံတော်၏ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းတာဝန်အသီးသီးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

၂၀၁၆ ခုနှစ် မေ ၁ ရက်မှ သြဂုတ် ၈ ရက်အထိ ပြည်သူများ လက်တွေ့ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူလူထုအခြေပြု ဖွံ့ဖြိုးမှုများဖြစ်ပေါ်လာစေရေး ရက်ပေါင်း ၁၀၀ အတွင်း အောင်မြင်မှု Quick Win ရရှိနိုင်မည့် လုပ်ငန်းစဉ် (၇)ရပ်ဖြစ်သည့် ကုမ္ပဏီမှတ်ပုံတင်ကြေးပြင်ဆင်သတ်မှတ်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရိုင်ဦးစီးရုံးများတွင် အခြေခံစီမံကိန်းနေရာဆွဲခြင်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း၊ ကျပ်သိန်း ၁၀၀၀၀ ချီးမြှင့်မည့် အောင်ဘာလေထီ ၅၀၀ ကျပ်တန်ထီ အမျိုးအစားကို တိုးချဲ့ထုတ်ဝေခြင်း၊ ဖုန်းခေါ်ဆိုခ အပေါ် ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကို နိုင်ငံတော်အနေဖြင့် ပြည်သူလူထုအတွက် တိုက်ရိုက်အကျိုးရှိစေမည့် ကျန်းမာရေးစောင့်ရှောက်မှုတွေနှင့် ပညာရေးကဏ္ဍတွင် ထိထိရောက်ရောက် အသုံးပြုခြင်းဖြင့် ပြည်သူလူထုအပေါ် ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်သွား မည်ဟု သိရသည်။

ယင်းအပြင် ရန်ကုန်ဆိပ်ကမ်းနှင့် လေဆိပ်များတွင် အလိုအလျောက်နည်းသုံး ပစ္စည်းရှင်းလင်းရေးစနစ်အသုံးပြုပြီး ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးခြင်းနှင့် ဆိပ်ကမ်းထုတ်ကုန်သွင်းကုန် ရှင်းလင်းရေးလုပ်ငန်းများ၊ လေကြောင်း ကုန်စည်သွင်းကုန်ရှင်းလင်းရေး လုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးနဲ့ကြီးဌာန အမြတ်မထားအတွင်းဝန် ဦးမောင်မောင်ဝင်းက ပြောသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး က "ကျွန်တော်တို့ဌာနက အဓိကတာဝန်ယူရတာကတော့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေနဲ့ ပတ်သက်တာကို တာဝန်ယူဆောင်ရွက်ရပါတယ်။ ဒုတိယတစ်ချက်ကတော့ ကုမ္ပဏီတွေ မှတ်ပုံတင်တာနဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေကို တာဝန်ယူရပါတယ်။ ရှေ့လျှောက်ပြီး ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုတွေကို ဆက်လက်မြှင့်တင်သွားဖို့ရှိသလို တစ်ဖက်ကလည်း ကုမ္ပဏီတွေ မှတ်ပုံတင်တာတွေနဲ့ ပတ်သက်လို့လည်း တိုးချဲ့ပြီး ဆောင်ရွက်သွားဖို့ရှိတယ်။

"အဲဒီမှာ ကုမ္ပဏီတွေမှတ်ပုံတင်တာနဲ့ ပတ်သက်ပြီး နည်းနည်းလေးအကျဉ်းချုပ်ပြီး ရှင်းပြချင်ပါတယ်။ နိုင်ငံသားတွေ လွယ်လွယ်ကူကူနဲ့ ကုမ္ပဏီတွေမှတ်ပုံတင်နိုင်အောင် စင်းကာပူမှာဆို ကုမ္ပဏီတစ်ခုကို ဒေါ်လာ ၃၀၀ လောက် ကောက်တယ်ဆိုတော့ မြန်မာငွေနဲ့ဆို သုံးသိန်းလောက်ပဲရှိတယ်။ ကမ္ဘောဒီးယားမှာဆိုရင် သူတို့ကောက်တဲ့ငွေက မြန်မာငွေ ၂၆၀၀၀ လောက်ပဲရှိတယ်။ နောက် ဗီယက်နမ်ကို ကြည့်လိုက်ရင်လည်း သုံးသိန်းပတ်ဝန်းကျင်ပဲရှိတယ်။ နောက်တစ်ခုက ကျွန်တော်တို့ အိမ်နီးနားချင်း လာအိုနိုင်ငံမှာဆိုရင် ၆၀၀၀ လောက်ပဲရှိတယ်။

"အဲဒီတော့ ကျွန်တော်တို့တိုင်းပြည်က ဆယ်သိန်းဆိုတော့ ကုမ္ပဏီမှတ်ပုံတင်ကြေးက အခြားတိုင်းပြည်တွေနဲ့နှိုင်းယှဉ်လိုက်ရင် နည်းနည်းများနေတာကို တွေ့ရပါတယ်။ အဲဒီလိုများနေတဲ့အတွက်ကြောင့် လုပ်ငန်းရှင်တွေဟာ ကုမ္ပဏီမှတ်ပုံတင်တဲ့အခါ ခက်ခဲနေတာကို သွားပြီးတော့တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရက် ၁၀၀ အတွင်းမှာ ဘာကိုလုပ်သွားမလဲဆိုရင် ကုမ္ပဏီမှတ်ပုံတင်ကြေးတွေနဲ့ပတ်သက်ပြီးတော့ ပုဂ္ဂလိက ကုမ္ပဏီတွေ၊ အထူးသဖြင့် နိုင်ငံသားတွေ ဆောင်ရွက်နေတဲ့ အသေးစား၊ အလတ်စား လုပ်ငန်းရှင်တွေ၊ နောက် မိမိရဲ့စုဆောင်းငွေနဲ့ ကုမ္ပဏီထူထောင်ပြီးလုပ်ချင်တဲ့ လုပ်ငန်းရှင်တွေအတွက်ကို လွယ်လွယ်ကူကူ ကုမ္ပဏီမှတ်ပုံတင်နိုင်အောင် ရည်ရွယ်ပြီးတော့ ၁၀ သိန်းကနေ ငါးသိန်းအထိ ထက်ဝက်လျှော့ချ သွားမယ့် အစီအစဉ်ရှိပါတယ်"ဟု ရှင်းပြသည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့်လည်း ရက် ၁၀၀ အတွင်း ပြည်သူလူထုအကျိုးပြု လုပ်ငန်းသုံးခု ဆောင်ရွက်သွားမည်ဟု သိရသည်။ ပထမဆောင်ရွက်ချက်အနေဖြင့် ရန်ကုန်ဆိပ်ကမ်းနှင့် လေဆိပ်များတွင် ယခုလက်ရှိ ကုန်သေတ္တာနှင့် ကုန်စည်ရှင်းလင်းရေးကို Manual စနစ်ဖြင့် ဆောင်ရွက်နေရာမှ အချိန်ကုန်သက်သာပြီး လွယ်ကူလျင်မြန်စွာ ရှင်းလင်းထုတ်ယူနိုင်ရန်အတွက် ဂျပန်နိုင်ငံ အစိုးရအကူအညီဖြင့် **စာမျက်နှာ ၁၈ သို့ »»**

ရန်ကုန်စတော့အိတ်ချိန်းအဆောက်အအုံကို တွေ့ရစဉ်။

နေပြည်တော် ဗဟိုဘဏ်အဆောက်အအုံကို တွေ့ရစဉ်။

ပြည်သူ့အတွက် ပထမ ရက် ၁၀၀

ရန်ကုန်
မေ ၂၃၊ ၂၀၁၆ (တနလာနေ့)

ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အကောက်ခွန်ရုံးအဆောက်အအုံကို တွေ့ရစဉ်။

ရန်ကုန်ဆိပ်ကမ်းနှင့် လေဆိပ်များတွင် ယခုလက်ရှိ ကုန်သေတ္တာနှင့် ကုန်စည်ရှင်းလင်းရေးကို Manual စနစ်ဖြင့် ဆောင်ရွက်နေရာမှ အချိန်ကုန်သက်သာပြီး လွယ်ကူလျင်မြန်စွာ ရှင်းလင်းထုတ်ယူနိုင်ရန်အတွက် ဂျပန်နိုင်ငံအစိုးရ အကူအညီဖြင့် အလိုအလျောက်နည်းသုံး ကုန်စည်ရှင်းလင်းရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေ

စာမျက်နှာ ၁၇ မှ »»

အလိုအလျောက်နည်းသုံး ကုန်စည်ရှင်းလင်းရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်ဟု သိရသည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအထိ ယင်းစနစ်ကို စမ်းသပ်အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၆ နှစ်ကုန်တွင် အပြည့်အဝအသုံးပြုနိုင်ရန် ဆောင်ရွက်နေသည်ဟု သိရသည်။

ဒုတိယဆောင်ရွက်ချက်အနေဖြင့် ထုတ်ကုန်သွင်းကုန် ရှင်းလင်းရေးလုပ်ငန်း (ဆိပ်ကမ်း) ကုန်သေတ္တာရှင်းလင်းထုတ်ယူရာမှာလည်း ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်ရန် အဆင့်နှင့်အချိန် လျှော့ချနိုင်ခြင်းမရှိသော်လည်း ID File တစ်ခုတည်းတွင် Green, Yellow, Red Channel စသည်ဖြင့် ကုန်သေတ္တာများရောနှောနေပါက Yellow, Red စစ်ဆေးပြီးမှ Green Channel ထုတ်ပေးသည့်လုပ်ငန်းစဉ်အစား Green Channel သတ်မှတ်ထားသည့် ကုန်သေတ္တာကို တိုက်ရိုက်ထုတ်ပေးခြင်း၊ ဆိပ်ကမ်းတွင် ရောက်ရှိနေပြီး အချိန်ကန့်သတ်ချက်အရ မစစ်ဆေးနိုင်သည့် Green Channel ကုန်သေတ္တာကို နောက်ရက်တွင် Channel ထပ်မံ သတ်မှတ်ခြင်းမပြုတော့ဘဲ မူလသတ်မှတ်ထားသော Green Channel အတိုင်း တိုက်ရိုက်ထုတ်ပေးခြင်းကို ဆောင်ရွက်ကာ အမယ်တစ်မျိုးတည်းဖြစ်သည့် စစ်ဆေးရလွယ်ကူသောပစ္စည်းဖြစ်ပါက Yellow Channel ပေးပြီး စစ်ဆေးနိုင်ရန် ဆောင်ရွက်မည်ဟု သိရသည်။

တတိယလုပ်ငန်းစဉ်မှာ လေကြောင်းကုန်စည် သွင်းကုန်ရှင်းလင်းရေးလုပ်ငန်းဖြစ်သည့် လေကြောင်းကုန်စည်တင်သွင်းမှုများပြားလာသည့်အတွက် လျင်မြန်စွာ ရှင်းလင်းထုတ်ယူနိုင်ရန် ကုန်လှောင်ရုံအတွင်း ကုန်ပစ္စည်းထားသိုမှုကို စနစ်တကျကြေပ်မတ်ခြင်း၊ လာရောက်မထုတ်ယူသည့် နှစ်၊ လကြာ ကုန်ပစ္စည်းများကို အလုံမြို့နယ်တွင်ရှိသည့် အကောက်ခွန်ဦးစီးဌာန ကုန်လှောင်ရုံသို့ပို့ခြင်း၊ ထုတ်ယူခြင်းမရှိသေးသည့် ကြန့်ကြာပစ္စည်းများ အလျင်အမြန်ထုတ်ယူနိုင်ဖို့အတွက် သက်ဆိုင်ရာပိုင်ရှင်၊ ကုမ္ပဏီ၊ ဌာနများကို အကြောင်းကြားညှိနှိုင်းပြီး အမြန်ထုတ်ယူစေခြင်းတို့ကို ဆောင်ရွက်သွားမည်ဟု အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်ကျော်က ရှင်းပြသည်။

စီမံကိန်းရေးဆွဲရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပထမအကြိမ်သက်တမ်းမှစတင်ကာ ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲခြင်းကို စတင်ခဲ့သည်ဟုဆိုသည်။ Top-down ဗဟိုမှ အောက်ခြေကို စီမံကိန်းရည်မှန်းချက်တွေ ချထားပေးသည့်နည်းစနစ်နှင့် ဆောင်ရွက်ခဲ့ရာမှ Bottop-up အောက်ခြေမှ အစပြုသည့် စီမံကိန်းရည်မှန်းချက်များ အဆိုပြုတင်ပြ ရေးဆွဲခြင်းစနစ်ကို ၂၀၁၁ ခုနှစ်မှစတင်ပြီး ကျင့်သုံးဆောင်ရွက်ခဲ့သည်ဟု သိရသည်။

"Institution ပိုင်းအနေနဲ့ကျတော့လည်း ကျွန်တော်တို့ People Centered Development Plan, Bottom-up Plan ဆိုပေမယ့် ပြည်သူလူထုထဲမှာ ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှု စီမံကိန်းကို ပါဝင်ဆောင်ရွက်မယ့်အဖွဲ့အစည်း မရှိဘူးဖြစ်နေတယ်။ ဒါကြောင့်မို့လည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ စီမံကိန်းရေးဆွဲရေးနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအဆင့်ဆင့်ကို မြို့နယ်တွေအထိ ဖွဲ့စည်းပေးခဲ့ပါတယ်။မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတွေကိုလည်း ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပါတယ်။

"ပြည်သူ့ဗဟိုပြုစီမံကိန်းတွေ ရေးဆွဲတဲ့အခါမှာ ပြည်သူလူထုပါဝင်ဆောင်ရွက်ဖို့ အထူးလိုအပ်ပါတယ်။ ပါဝင်ဆောင်ရွက်တဲ့အခါမှာလည်း ထိရောက်တဲ့အကြံပြုချက်တွေနဲ့ ဘက်စုံစဉ်းစားထားတဲ့ အကြံပြုချက်တွေ ရရှိပါက ပိုကောင်းလာမှာဖြစ်ပါတယ်။ ဒါကြောင့် စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ စီမံကိန်း၊ ငွေရေးကြေးရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်းကို ဖွင့်လှစ်တာဖြစ်ပါတယ်။ သင်တန်းကြေး အခမဲ့ဖြစ်ပါတယ်။ ဝန်ထမ်းသင်တန်းသား ၁၅ ဦးနဲ့ ပြင်ပသင်တန်းသား ၁၅ ဦး စုစုပေါင်းသင်တန်းသား ၃၀ လက်ခံသင်ကြားပေးသွားမှာဖြစ်ပါတယ်။ သင်တန်းသားအရည်အချင်း သတ်မှတ်ချက်ကတော့ တက္ကသိုလ်တစ်ခုခုက ဘွဲ့ရရှိပြီးသူဖြစ်ရပါမယ်။ ဒါ့အပြင် သင်တန်းကိုအစအဆုံးပြီးစီးအောင် တက်ရောက်နိုင်တဲ့သူလည်း ဖြစ်ရပါမယ်။ သင်ကြားပေးမယ့် ဘာသာရပ်တွေအနေနဲ့ကတော့ စီမံကိန်းဘာသာရပ်၊ ငွေရေးကြေးရေးဘာသာရပ်နဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သိကောင်းစရာဘာသာရပ်တွေကို ပို့ချပေးသွားမှာပါ။

"စီမံကိန်းဘာသာရပ်မှာ စီမံကိန်းသဘောသဘာဝ၊ မြန်မာနိုင်ငံမှာရေးဆွဲခဲ့တဲ့ စီမံကိန်းတွေ၊ စီးပွားရေး-လူမှုရေးဆိုင်ရာ ညွှန်းကိန်းတွေ၊ ကဏ္ဍ၊ဒေသန္တရစီမံကိန်းရေးဆွဲခြင်းနဲ့ ဦးစားပေးအစီအစဉ်တွေ၊ ကျေးရွာ၊ရပ်ကွက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေ ရေးဆွဲခြင်း၊ စုစုပေါင်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးတွက်ချက်ခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ခြင်းနဲ့ ထိန်းကျောင်းကြပ်မတ်ခြင်း၊ စစ်တမ်းကောက်ယူခြင်းဆိုင်ရာ အခြေခံအချက်အလက်တွေကို ပို့ချသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခြင်း(SDG) ကိုလည်း ထည့်သွင်းဆွေးနွေးပို့ချမှာဖြစ်ပါတယ်။

"ငွေရေးကြေးရေးဆိုင်ရာ ဘာသာရပ်မှာ ပြည်တွင်းအခွန်ဦးစီးဌာနရဲ့ လုပ်ငန်းတွေ၊ ငွေကြေးနဲ့ဘဏ်လုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းလုပ်ငန်းတွေကို ပို့ချသွားမှာဖြစ်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘာသာရပ်မှာတော့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း ဘာသာရပ်တွေကို ဆွေးနွေးပို့ချမှာပါ။

"ဒီသင်တန်းတွေကို တက်ရောက်ပြီးတဲ့အခါ စီမံကိန်းသဘောသဘာဝနဲ့ စဉ်းစားနည်းတွေကို အခြေခံနားလည်သွားမယ်။ ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ဘာတွေပြဋ္ဌာန်းထားတယ်၊ ကုမ္ပဏီတည်ထောင်ရင် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာတွေကို အခြေခံအားဖြင့် သိရှိသွားမှာဖြစ်ပါတယ်။ ဒီအတွေ့အကြုံဗဟုသုတတွေအရ ပြည်သူ့ဗဟိုပြုစီမံကိန်းတွေရေးဆွဲတဲ့အခါ ပိုမိုထိရောက်လာမယ်လို့ မျှော်လင့်ထားပါတယ်။ ဒါ့အပြင် အခွန်ရဲ့ သဘောတရား၊ ငွေကြေးနဲ့ ဘဏ်လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဗဟုသုတတွေကလည်း သင်တန်းသားတွေရဲ့ စီးပွားရေးဆိုင်ရာစဉ်းစားချက်တွေကို အထောက်အကူပြုမယ့်အပြင် နိုင်ငံတော်တည်ဆောက်ရေးကို တစ်ဖက်တစ်လမ်းက ထိထိရောက်ရောက် အကျိုးပြုမယ်လို့ မျှော်လင့်ပါတယ်"ဟု စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မော်တင့်က ပြောသည်။

ယင်းအပြင် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ရက် ၁၀၀ ကာလအစီအမံအဖြစ် ပထမစီမံကိန်းမှာ ကျပ်၅၀၀တန်အောင်ဘာလေထီ တိုးမြှင့်ထုတ်လုပ်ရန်နှင့် ဒုတိယအစီအမံမှာ တယ်လီဖုန်းပြောဆိုခအပေါ် ကောက်ခံသော ကုန်သွယ်လုပ်ငန်းခွန်ရငွေများကို ပညာရေးဆိုင်ရာလုပ်ငန်းများတွင် ကျခံသုံးဆွဲနိုင်ရေး ဆောင်ရွက်သွားမည်ဟု သိရသည်။

"ကုန်သွယ်လုပ်ငန်းခွန်နဲ့ ပတ်သက်ပြီး တော့လည်း အနည်းငယ်ရှင်းပြချင်ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန်ဆိုတာ သွယ်ဝိုက်ခွန်အမျိုးအစားဖြစ်ပါတယ်။ နိုင်ငံတကာကို လေ့လာတဲ့အခါကျတော့ ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ သွယ်ဝိုက်ခွန်နှုန်းထားတွေက ၂၀ ရာခိုင်နှုန်းပဲ ရှိပါတယ်။ အာဆီယံနိုင်ငံတွေမှာ ကြည်လို့ရှိရင်လည်း တစ်ဆယ်ရာခိုင်နှုန်း ကောက်ခံတာရှိပါတယ်။ ကမ္ဘာရဲ့ ပျမ်းမျှသွယ်ဝိုက်ခွန်ကောက်တာကို ပြန်ကြည့်မယ်ဆိုရင်လည်း တစ်ဆယ့်ငါးရာခိုင်နှုန်းကောက်ခံတာကို တွေ့ရှိရပါတယ်။ ခုကျွန်တော်တို့နိုင်ငံက ကောက်ခံနေတဲ့ ငါးရာခိုင်နှုန်းဟာ အရှေ့တောင်အာရှမှာ အနည်းဆုံးပါ။ ကမ္ဘာမှာလည်း အနည်းဆုံးပါလို့ တင်ပြလိုပါတယ်"ဟု ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွန်းက ပြောသည်။

ယင်းသို့ဖြင့် ရက် ၁၀၀ စီမံချက်အနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ကြေးများ ပြင်ဆင်သတ်မှတ်ခြင်းကြောင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် ကုမ္ပဏီအဖြစ် ထူထောင်မှတ်ပုံတင်ဆောင်ရွက်သည့် အနေအထားသို့ ပြောင်းလဲလာမည်ဖြစ်သဖြင့် နိုင်ငံတော်၏ မက်ခရိုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်းကြောင့် ဒေသအလိုက် ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို သိရှိနားလည်၍ ပူးပေါင်းဆောင်ရွက်တတ်မှု အားကောင်းလာစေခြင်း၊ ကျပ် ၅၀၀ တန် ထီအမျိုးအစား တိုးချဲ့ထုတ်ဝေရောင်းချခြင်းကြောင့် ဆုကြေးငွေများ ပိုမိုများပြားလာသည်နှင့်အမျှ မိမိတို့စိတ်ကူးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန်များကို ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာရေးကဏ္ဍများတွင် ထိရောက်စွာသုံးစွဲခြင်းကြောင့် ပြည်သူလူထုအတွက် တိုက်ရိုက်အကျိုးရှိစေခြင်း၊ ရန်ကုန်ဆိပ်ကမ်းနှင့် လေဆိပ်များတွင် ထုတ်ကုန်သွင်းကုန် ရှင်းလင်းရေးလုပ်ငန်းနှင့် လေကြောင်းကုန်စည်ရှင်းလင်းရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်းကြောင့် လွယ်ကူမြန်ဆန်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ အဆင်ပြေချောမွေ့ခြင်းတို့ကို ရရှိလာစေမည်ဟု ပြည်သူလူထုဗဟိုပြုကာ ရည်မှန်းချက်ထားဆောင်ရွက်နေသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်အပေါ် အများပြည်သူများသိရှိစေရန်အလို့ငှာ ရေးသားတင်ပြလိုက်ရပါသည်။ ■

၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမဟု လူသိများပြီး နိုင်ငံပေါင်းစုံကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော စီးပွားရေးလမ်းကြောင်းတစ်ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင့်ဖျင်က စတင်အဆိုပြုခဲ့ပြီး တောင်တရုတ်ပင်လယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် အရှေ့တောင်အာရှဒေသနိုင်ငံများ၊ ပင်လယ်သမုဒ္ဒရာကျွန်းနိုင်ငံများ၊ အရှေ့အာဖရိကနိုင်ငံများ၊ မြေထဲပင်လယ် မြောက်ပိုင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့် အစီအစဉ်ဖြစ်ပါသည်။ အဆိုပါ ပိုးလမ်းမကြီးအကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)

(တက္ကသိုလ်ဟန်စိုးဦး)

ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု (၁၀)

တရုတ်နိုင်ငံက စီးပွားရေးလုပ်ငန်းကြီးတွေအနေနဲ့ ကမ္ဘာ့နိုင်ငံအနှံ့အပြားမှာ သွားရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရေးမဟာဗျူဟာ (Go global strategy)ကို ချမှတ်ပြီး တရုတ်အစိုးရဟာ အားပေးကူညီမှုတွေ ပြုလုပ်ပေးခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် ကမ္ဘာ့ငွေကြေး အကျပ်အတည်းကာလ နောက်ပိုင်းမှာ တရုတ်နိုင်ငံကနေ ပြည်ပနိုင်ငံတွေမှာ သွားရောက်ရင်းနှီးမြှုပ်နှံမှုတွေဟာ ပိုမိုများပြားလာခဲ့ပါတယ်။ ကုလသမဂ္ဂ ကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ (United Nations Conference on Trade and Development-UNCTAD)ရဲ့ စာရင်းဇယားတွေအရ တရုတ်နိုင်ငံရဲ့ ပြည်ပနိုင်ငံတွေမှာ သွားရောက်ရင်းနှီး မြှုပ်နှံမှုပမာဏဟာ ၂၀၀၂ ခုနှစ်မှာ ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံရှိခဲ့ရာကနေ ၂၀၀၈ ခုနှစ်မှာ ဒေါ်လာ ၅၆ ဘီလီယံ၊ ၂၀၁၂ ခုနှစ်မှာ ဒေါ်လာ ၈၄ ဘီလီယံနဲ့ ၂၀၁၃ ခုနှစ်မှာ ဒေါ်လာ ၁၀၁ ဘီလီယံအထိ ရှိလာခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်အတွင်း တရုတ်နိုင်ငံမှာ ပြည်ပနိုင်ငံများက လာရောက်ရင်းနှီးမြှုပ်နှံမှုပမာဏဟာ ဒေါ်လာ ၁၂၃ ဒသမ ၉ ဘီလီယံရှိတာကြောင့် တရုတ်နိုင်ငံကနေ ပြည်ပကိုထွက်ပြီး ရင်းနှီးမြှုပ်နှံတဲ့ ပမာဏနဲ့ တူညီလုနီးပါး ရောက်လာတာဟာ ထူးခြားချက်တစ်ရပ် ဖြစ်ပါတယ်။ အကျိုးဆက်အနေနဲ့ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမှာ တရုတ်နိုင်ငံဟာ အမေရိကန်နဲ့ ဂျပန်နိုင်ငံပြီးရင် တတိယအများဆုံး ရင်းနှီးမြှုပ်နှံတဲ့နိုင်ငံ ဖြစ်လာခဲ့ပါတယ်။

